# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်နေ့ | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၃၃၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# Primorsky ဒေသနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး၊ ပို့ကုန်၊ သွင်းကုန်ကဏ္ဍ မြှင့်တင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေတို့နှင့်ပတ်သက်၍ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Primorsky ဒေသအစိုးရအဖွဲ့ အကြီးအကဲ Mr. Oleg Nikolaevich Kozhemyako နှင့် Republic of Buryatia အစိုးရအဖွဲ့အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့နှင့် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗလာဒီဗော့စတော့ခ်မြို့ FEFU Campus အတွင်း၌ သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

**တာဝန်ရှိသူများတက်ရောက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Primorsky ဒေသအစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံခဲ့ပြီး အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော်တို့ တက်ရောက်ကြပြီး Primorsky ဒေသ အစိုးရအဖွဲ့ အကြီးအကဲနှင့်အတူ ဒေသအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် Primorsky ဒေသနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး၊ ပို့ကုန်၊ သွင်းကုန်ကဏ္ဍ မြှင့်တင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို

*စာမျက်နှာ ၃ ကော်လံ ၁* ■




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Primorsky ဒေသအစိုးရအဖွဲ့ အကြီးအကဲ Mr. Oleg Nikolaevich Kozhemyako တို့ တွေ့ဆုံဆွေးနွေးစဉ်။

## ယနေ့ ဖတ်စရာ


လူကုန်ကူးမှုတိုက်ဖျက်ဖို့ နည်းပညာ အခန်းကဏ္ဍ မြှင့်တင်လုပ်ဆောင်စို့ — ဆောင်းပါး စာ - ၁၀

အင်္ဂလန်ဘုရင်မကြီး အယ်လီဇဘက်-၂ အနိစ္စရောက်ကြောင်း ဘတ်ကင်ဟမ်နန်းတော်က ကြေညာ — နိုင်ငံတကာသတင်း စာ - ၁၃

စာဖတ်တဲ့အလေ့အကျင့်ကို မွေးမြူပေးကြရအောင် — ဆောင်းပါး စာ - ၁၄

မြန်မာ့အလင်း

# ကိုဗစ်-၁၉ ကာကွယ်ရေး လူတိုင်းအတွက် အချက်ပေးခေါင်းလောင်းသံ

ကိုဗစ်–၁၉ ရောဂါ ပြည်တွင်း ကူးစက်မှုမြင့်တက်လာခြင်းကြောင့် ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို မပျက်မကွက်၊ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်လျက်ရှိသည်။ ကိုဗစ်–၁၉ ကူးစက်မြန်ကပ်ရောဂါ ကာလကြာရှည်စွာ ကူးစက်ပျံ့နှံ့တည်ရှိနေမှုနှင့် ကာကွယ်ဆေးထိုးနှံပြီးစီးမှု စသည့်အကြောင်းများကို အခြေခံ၍ ရောဂါအပေါ်အလေးဂရုမပြုခြင်းတို့ကြောင့် ကူးစက်မှုနှုန်း ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်ဟု ယူဆဖွယ်ဖြစ်သည်။

ကိုဗစ်–၁၉ ကပ်ရောဂါသည် မျိုးရိုးဗီဇများ ဆက်ကာဆက်ကာ ပြောင်းလဲပြီး လူများအကြား ကူးစက်ပျံ့နှံ့လျက်ရှိရာ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာတွင် အများအပြားဖြစ်ပွားနေဆဲပင်ဖြစ်သည်။ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်–၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက အရှိန်အဟုန်မပျက် ဆောင်ရွက်နေသကဲ့သို့ ကပ်ရောဂါဆိုင်ရာ သတင်းအချက်အလက်များ၊ ကြေညာချက်များ၊ တိုက်တွန်းနှိုးဆော်ချက်များ၊ ရောဂါကူးစက်မှု ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများ စသည်တို့ကို မီဒီယာများမှတစ်ဆင့် စဉ်ဆက်မပြတ် ထုတ်ပြန်ပေးလျက်ရှိရာ သတိပြုမှတ်သားလိုက်နာကြခြင်းဖြင့် မိမိနှင့်တကွ မိသားစု၊ မိမိပတ်ဝန်းကျင်တို့အတွက်ပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းက ရောဂါကူးစက်ခံရမှု၊ ရောဂါကြောင့် ဝေဒနာပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို လျှော့ချပေးနိုင်သည့်အတွက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှု၊ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုတို့ကို မပျက်မကွက် ခံယူကြရန်လိုသည်။ ထို့အပြင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊ ပါးစပ်နှာခေါင်းစည်း(mask) တပ်ဆင်ရန်၊ ချောင်းဆိုးနှာချေရာတွင် အုပ်၍ဆိုးရန်၊ အခန်းများ လေဝင်လေထွက်ကောင်းအောင် ဖွင့်ထားရန်၊ လူစုလူဝေးရှောင်ရန်၊ တတ်နိုင်သမျှ အိမ်မှာသာနေပြီး အပြင်ထွက်သွားလာခြင်းကို ရှောင်ကြဉ်ရန်၊ လက်ကိုဆပ်ပြာ၊ ရေတို့ဖြင့် စနစ်တကျ မကြာခဏ ဆေးကြောရန်၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများတွေ့ရှိပါက အနီးဆုံးကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်ရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားသည်။

ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုး ကူးစက်ခံရသူတွင် မည်သည့်ရောဂါလက္ခဏာမှ မပြသကဲ့သို့ ကူးစက်ခံထားရသူ ကိုယ်တိုင်မှာလည်း မသိရှိနိုင်ခြင်း၊ ကူးစက်မှုနှုန်း အလွန်လျင်မြန်ခြင်းတို့ကြောင့် ပြည်တွင်းကူးစက်မှုနှုန်း ပြန်လည်မြင့်တက်လာလျက်ရှိခြင်းကို သတိပြုကြရန်လိုသည်။ ကာကွယ်ဆေးထိုးနှံပြီးစီးခြင်းက ရောဂါကူးစက်မှုကို ရာခိုင်နှုန်းပြည့် ကာကွယ်မပေးနိုင်ဘဲ လျော့ပါးသက်သာစေခြင်းသာဖြစ်သည့်အတွက် ကာကွယ်ဆေးထိုးပြီးသူများမှာလည်း ကူးစက်ရောဂါကာကွယ်ရေးနည်းလမ်းများကို မပျက်မကွက် လိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။

ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန် ပြည်တွင်းကူးစက်မှု မြင့်လာခြင်းနှင့်အတူ အချို့ရက်များတွင် ရောဂါကြောင့် သေဆုံးသူရှိလာသည်ကို သတင်းထုတ်ပြန်ချက်၌ တွေ့မြင်နေရပြီဖြစ်ရာ လူတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု မပျက်မကွက်ခံယူရေးနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို ဂရုတစိုက် လိုက်နာကျင့်သုံးရေး လူတိုင်းအတွက် အချက်ပေး ခေါင်းလောင်းသံပင် ဖြစ်ပါကြောင်း။ ။

# ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတဟောင်း H.E. Mr. Mikhail Gorbachev ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး



ရန်ကုန် စက်တင်ဘာ ၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတဟောင်း H.E. Mr. Mikhail Gorbachev သည် ၂၀၂၂ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းသည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ် (၃၈) စကားဝါလမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတဟောင်း H.E. Mr. Mikhail Gorbachev သည် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၁ ခုနှစ်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပထမဦးဆုံးသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုကွယ်လွန်ချိန်တွင် အသက် ၉၂ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်၌ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီရုံး ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၈

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီးရှိအဆိုပါရုံးအဆောက်အအုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီနာယက ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဆရာကြီး ဦးမြင့်ဦးနှင့် ကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဩဝါဒစကားပြောကြားပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်ဝမ်းမြောက် စကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီရုံးကို နေပြည်တော်၌ ဖွင့်လှစ်ထားရှိပြီးဖြစ်သည့်အတွက် ဖုန်း–၀၉ ၈၈၃၉၀၀၀၀၁၊ ၀၉ ၉၄၆၉၀၀၀၀၁ တို့သို့ဆက်သွယ်၍ တိုင်းရင်းဆေးကောင်စီနှင့် သက်ဆိုင်သော လုပ်ငန်းများကို ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ဋ္ဌေးနိုင်**



## သံတွဲခရိုင်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (အကြို) စိတ်ကြိုက် ပန်းချီပြိုင်ပွဲကျင်းပ

သံတွဲ စက်တင်ဘာ ၈

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင်ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (အကြို) စိတ်ကြိုက်ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အကဲဖြတ်ဒိုင်ချုပ် ထိုက်တန် (သံတွဲ) က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် အမှတ်ပေးစနစ်များကို ရှင်းလင်းပြောကြားပြီး သံတွဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်း (အထက်ဆင့်) ကျောင်းသား ကျောင်းသူ ၂၇ ဦးက မိမိတို့ စိတ်ကြိုက်ပန်းချီများ ရေးဆွဲယှဉ်ပြိုင်ခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရရှိစေရန်ရည်ရွယ်၍ ကျင်းပပေးလျက်ရှိပြီး ဆုရရှိသူများအား စက်တင်ဘာ ၁၃ ရက်တွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■ *ရှေ့ဖုံးမှ*

အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ Primorsky ဒေသ၊ ဗလာဒီဗော့စတော့ခ်မြို့၌ မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံးနှင့် Business Centre ဖွင့်လှစ်နိုင်ရေး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် Primorsky ဒေသအစိုးရအဖွဲ့မှလည်း ဝမ်းမြောက်စွာကြိုဆိုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများ ပညာရပ်ပေါင်းစုံတွင် လာရောက်သင်ကြားနိုင်ရေးနှင့် ရောက်ရှိလာမည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဒေသအစိုးရအဖွဲ့မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ Primorsky ဒေသတွင် ဆောင်ရွက်လျက်ရှိသည့် Children Camp ကဲ့သို့ လူငယ်များအချင်းချင်း ပညာရပ်များ၊ အသိအမြင်များ၊ အတွေ့အကြုံများကို ဖလှယ်သည့် အစီအစဉ်များ၌ မြန်မာနိုင်ငံမှ လူငယ်လူရွယ်များ ပါဝင်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့် Primorsky ဒေသသို့ လာရောက်လေ့လာစေလိုသည့် အခြေအနေများနှင့် တိုက်ရိုက်ကုန်သွယ်မှု၊ ငွေကြေးစီးဆင်းနိုင်မှုတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

**အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Primorsky ဒေသအစိုးရအဖွဲ့ အကြီးအကဲတို့သည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

**ရင်းနှီးနွေးထွေးစွာကြိုဆို**

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum–2022)၌ ပြခန်းပါဝင်ပြသလျက်ရှိသည့် Republic of Buryatia ပြည်နယ်ပြခန်းသို့ သွားရောက်လေ့လာကြည့်ရှုကြရာ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် အဖွဲ့ဝင်များက ဒေသရိုးရာ အကအလှများဖြင့် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**စိတ်ပါဝင်စားစွာ အသေးစိတ်လေ့လာ**

ယင်းနောက် Republic of Buryatia ပြည်နယ်ပြခန်းအတွင်း ပြသထားသည့် ရိုးရာအထည်အလိပ်၊ စက်မှု၊ လက်မှု အနုပညာပြကွက်၊ သစ်နှင့် သစ်တောထွက်ပစ္စည်း အနုပညာပြကွက်၊ ရဟတ်ယာဉ်ထုတ်လုပ်မှုဆိုင်ရာ ပြကွက်၊ ပန်းချီပြကွက်၊ ခေတ်မီစက်မှုနည်းပညာများဖြင့် ပေါင်းစပ်ထားသည့် ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာပြကွက်၊ ရိုးရာကျန်းမာရေးဆိုင်ရာပြကွက်၊ သဘာဝသယံဇာတတူးဖော်မှုဆိုင်ရာ ပြကွက်တို့ကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ အသေးစိတ် လေ့လာခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲနှင့် ပြကွက်အလိုက်တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် အဖွဲ့ဝင်များသည် ပြခန်းဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ယခုကဲ့သို့ Buryatia ဒေသ၏ ပြခန်းများကို လိုက်လံပြသခွင့်ရသည့်အတွက် ဝမ်းမြောက်မိပြီး ၎င်းတို့ဒေသ၏ ရိုးရာယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာသိရှိနိုင်မည့် အခြေအနေများ၊ Buryatia ဒေသမှ သဘာဝသယံဇာတများ ပေါကြွယ်ဝစွာ ထွက်ရှိမည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ Buryatia ဒေသသို့ လာရောက်လေ့လာချိန်တွင်လည်း ဒေသ၏ တိုးတက်မှုများကို လိုက်လံရှင်းလင်းပြသသွားမည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ဒေသထွက်ကုန်နှင့် ထုတ်ကုန်များကို အရည်အသွေးမြင့် ပို့ကုန်ပစ္စည်းများအဖြစ် တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် Buryatia ပြည်နယ်တို့အကြား စီးပွားရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ Buryatia ပြည်နယ်သို့ ရောက်ရှိလေ့လာချိန်တွင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို အသေးစိတ်ဆွေးနွေးဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Primorsky ဒေသအစိုးရအဖွဲ့ အကြီးအကဲတို့ အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် အဖွဲ့ဝင်တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သစ်နှင့် သစ်တောထွက်ပစ္စည်း အနုပညာပြကွက်အား ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရဟတ်ယာဉ်ထုတ်လုပ်မှုဆိုင်ရာပြကွက်အား ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) တက္ကသိုလ် ပါမောက္ခချုပ် Mr. Boris Nikolaevich Korobets တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) တက္ကသိုလ် ပါမောက္ခချုပ်နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) တက္ကသိုလ် ပါမောက္ခချုပ် Mr. Boris Nikolaevich Korobets နှင့် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါတက္ကသိုလ်၌ တွေ့ဆုံဆွေးနွေးသည်။

**တာဝန်ရှိသူများတက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော်တို့ တက်ရောက်ကြပြီး (FEFU) တက္ကသိုလ်ပါမောက္ခချုပ်နှင့်အတူ ဒုတိယပါမောက္ခချုပ် Mr. Evgeny E. VLASOV၊ တက္ကသိုလ်ဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် Far Eastern Federal University (FEFU) တက္ကသိုလ်၏ လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာမှ ပညာတော်သင်ကျောင်းသားများ လာရောက်တက်ရောက်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ သင်တန်းသားများ လာရောက်သင်ကြားနိုင်ရေးကိုလည်း ဝမ်းမြောက်စွာ ကြိုဆိုသည့်အခြေအနေများ၊ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022) ၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ကျင်းပစဉ် **"စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ"** ခေါင်းစဉ်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဆွေးနွေးပြောကြားခဲ့မှုအပေါ် (FEFU) တက္ကသိုလ် ပါမောက္ခချုပ်အနေဖြင့် သုံးသပ်ထင်မြင်မှုများနှင့် စားနပ်ရိက္ခာလုံခြုံရေးကဏ္ဍ၏အရေးပါမှုကို သတိပြုမိခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ ပညာတော်သင် သင်တန်းသားများ ရုရှားနိုင်ငံ၏ အနောက်ဘက်ပိုင်းရှိ တက္ကသိုလ်အများအပြားတွင် အဆင့်မြင့်ပညာများကို သင်ယူလျက်ရှိသည့် အခြေအနေများနှင့် (FEFU) တက္ကသိုလ်တွင် ဆေးဘက်ဆိုင်ရာ ဘွဲ့လွန်ပညာရပ်များ စေလွှတ်သင်ကြားသွားမည့် အခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေး ကူးလူးဆက်သွယ်မှုတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အတွက် ပညာရေးကဏ္ဍတိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှုများသည်လည်း အစဉ်အဆက်တိုးမြှင့်လာနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ သင်တန်းသားများ လာရောက်တက်ရောက်မည်ဆိုပါက တက္ကသိုလ်မှ စီမံဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ (FEFU) တက္ကသိုလ်နှင့် မြန်မာနိုင်ငံမှ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် (YUFL) တို့အကြား သဘောတူညီမှုတစ်ရပ်ကို မကြာမီ လက်မှတ်ရေးထိုးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် FEFU တက္ကသိုလ် ပါမောက္ခချုပ် Mr. Boris Nikolaevich Korobets တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**❖ မြန်မာနိုင်ငံမှ သင်တန်းသားများ လာရောက်တက်ရောက်မည်ဆိုပါက တက္ကသိုလ်မှ စီမံဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ (FEFU) တက္ကသိုလ်နှင့် မြန်မာနိုင်ငံမှ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် (YUFL) တို့အကြား သဘောတူညီမှုတစ်ရပ်ကို မကြာမီ လက်မှတ်ရေးထိုးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး**

**လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် (FEFU) တက္ကသိုလ် ပါမောက္ခချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

**၁၂၃ နှစ် သက်တမ်းကြာမြင့်ပြီဖြစ်**

အဆိုပါ Far Eastern Federal University(FEFU) တက္ကသိုလ်ကို ၁၈၉၉ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၂၃ နှစ် သက်တမ်းကြာမြင့်ပြီဖြစ်သည့် တက္ကသိုလ်ကြီးတစ်ခုဖြစ်ကြောင်း၊ တက္ကသိုလ်တွင် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာပညာရပ်များ၊ စီးပွားရေးဆိုင်ရာ ပညာရပ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များ၊ ပညာရေးဆိုင်ရာ ပညာရပ်များ၊ အင်ဂျင်နီယာဆိုင်ရာ ပညာရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပညာရပ်များ၊ ဥပဒေဆိုင်ရာ ပညာရပ်များ၊ ဆေးပညာရပ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရပ်များကို ပို့ချပေးလျက်ရှိကြောင်း၊ အဆိုပါ တက္ကသိုလ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပညာရေးနှင့် သိပ္ပံဝန်ထမ်းဌာန၏ လက်အောက်တွင်ရှိကာ ကျောင်းသားပေါင်း ၄၁၀၀၀ ခန့်ရှိကြောင်းသိရှိရပြီး နိုင်ငံတကာမှ ကျောင်းသားကျောင်းသူများလည်း တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း၊ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံမှ ဆေးဘက်ဆိုင်ရာ ပညာတော်သင် သင်တန်းသားများ စေလွှတ်နိုင်မည့် အခြေအနေများအပါအဝင် တက္ကသိုလ်အချင်းချင်း ဘာသာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ပညာရေးမြှင့်တင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒေါ်အေးနုစိန်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်းနှင့် ဦးမျိုးလှိုင်၊ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသား၊ အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ယနေ့အခမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသည့် မြန်မာနိုင်ငံတက္ကသိုလ်အားကစားအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဝူရှူး အားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် ဝူရှူးအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

အနားသည် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၆ ရက်အထိ ထိုင်းနိုင်ငံ အူဘွန်းရချဌာနီမြို့တွင် ကျင်းပခဲ့သည့်အကြိမ်(၂၀)မြောက်အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် မြန်မာနိုင်ငံတက္ကသိုလ် အားကစားအဖွဲ့ဝင်များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားဖြစ်ကြောင်း။

**အောင်ပွဲဆင်နိုင်**

အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပေါ်လွင်စေပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ပြယှဉ်ပြိုင်မှုများဖြစ်ကြောင်း၊ အလားတူ အားကစားဆိုသည်မှာ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးကို ဆွဲဆောင်သိမ်းသွင်းနိုင်ခြင်း၊ နိုင်ငံဂုဏ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ကာ အမျိုးသားရေး စိတ်ဓာတ်များ ပိုမိုထက်သန်စေနိုင်ပြီး ယှဉ်ပြိုင်မှုတိုင်းတွင် အနိုင်မခံ၊ အရှုံးမပေးသည့် စိတ်ဓာတ်၊ နိုင်ငံနှင့် လူမျိုး၏ ခိုင်မာသည့် စိတ်ဓာတ်များကို ဖော်ပြရာလည်း ရောက်သည့်အတွက် ကမ္ဘာ့နိုင်ငံများတွင် အားကစားအဆင့်အတန်းကို မြှင့်တင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် အားကစားကဏ္ဍသည်လည်း အထူးအရေးပါကြောင်း၊ ယခုကဲ့သို့ မိမိတို့၏ စွမ်းရည်ဉာဏ်ပညာကို အသုံးပြုယှဉ်ပြိုင် အောင်ပွဲဆင်နိုင်ခဲ့သည့်အတွက် များစွာဝမ်းမြောက် ဂုဏ်ယူကြောင်း။

ထို့အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားနည်းများတွင် အားကစားသမားအချင်းချင်း အပြန်အလှန်လေးစားမှု၊ ချစ်ခင်ညီညွတ်မှု၊ ကူညီရိုင်းပင်းမှုတို့ဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး တရားသဖြင့် အောင်နိုင်ရေးကို ဦးတည်သည့် အားကစားစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်ကို သိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း။

**အမျိုးသားရေးတာဝန်**

အားကစား အောင်မြင်မှုဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရန် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် မြန်မာတက္ကသိုလ် ကျောင်းသား ကျောင်းသူ အားကစားအဖွဲ့ဝင် မောင်မယ်အားလုံး ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ကြသည့် အတွက် ယခုကဲ့သို့ အောင်မြင်မှုများ ရရှိခဲ့ကြခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ရာတွင် အားကစားကဏ္ဍကို တစ်ခန်းတစ်ကဏ္ဍ ထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က စနစ်တကျ အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

**အစွမ်းကုန်ကြိုးပမ်း**

တစ်နည်းအားဖြင့် မိမိနိုင်ငံပြည်သူပြည်သားများ၏ ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားအဆင့်အတန်းကို မြှင့်တင်နိုင်ရေးအတွက် ပြည်တွင်းအားကစားပြိုင်ပွဲများ၊ ဒေသတွင်း အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး မိမိတို့၏ အားကစားစွမ်းရည်ကို ထုတ်ဖော်ပြသနိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မည်သည့် အားကစားမဆို ချက်ချင်းမွေးယူ၊ ချက်ချင်း ကြီးထွားတိုးတက်အောင် ဆောင်ရွက်၍ရသော အရာမဟုတ်ကြောင်း၊ ထို့ကြောင့် ကာယစွမ်းအားသာမက စိတ်ဓာတ်စွမ်းအားနှင့် ဉာဏစွမ်းအားများ မြင့်မားစေခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ ပိုမိုတိုးတက်လာစေရန် အားကစားကို အားပေးမြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အားကစားကောင်းမှ ပညာကောင်းမည်ဖြစ်ပြီး ပညာကောင်းမှ နိုင်ငံတိုးတက်မည်ဖြစ်သည့်အတွက် ပညာတတ်သော၊ စိတ်ဓာတ်စည်းကမ်းကြံ့ခိုင်သော လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန် အားကစားကဏ္ဍကို ပညာရေးနှင့် ပေါင်းစပ်မြှင့်တင်ပေးရမည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေးနှင့် အားကစားကဏ္ဍမြှင့်တင်ရေးအတွက် ကျောင်းအားကစားကွင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပညာရေးနှင့် အားကစား ပေါင်းစပ်သင်ယူနိုင်သည့် အခွင့်အလမ်းများ တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကာယဆရာ ဆရာမများအတွက် သင်တန်းများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့သကဲ့သို့ ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင်လည်း B.Sc (Sports)ဘွဲ့ သင်တန်းကိုလည်း ပူးပေါင်းသင်ကြားပို့ချလျက်ရှိကြောင်း။

အလားတူ တက္ကသိုလ် ကောလိပ်များနှင့် စာသင်ကျောင်းများတွင်လည်း အားကစားနည်းပြများ၊ ကာယဆရာများ ခန့်အပ်ပေးထားကာ ပညာရေးကို အားကစားကဏ္ဍနှင့် ပေါင်းစပ်မြှင့်တင်ရင်း မျိုးဆက်သစ် ပညာတတ်လူငယ်လူရွယ် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

**ဉာဏ်ရည်ဖွံ့ဖြိုးစေရေး**

ထို့ပြင် ကလေးငယ်များ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးစေရေးအတွက် ကျောင်းတွင်း အာဟာရကျွေးမွေးရေး လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းကို ပိုမိုအားထုတ်တိုးချဲ့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးနှင့် စိတ်ဓာတ်ကောင်းမွန်သော မျိုးဆက်သစ် လူငယ်လူရွယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ်အားကစားပြိုင်ပွဲများကို လေ့လာကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံအနေဖြင့် နှစ်နှစ်တစ်ကြိမ် အလှည့်ကျကျင်းပသည့် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲဖြစ်သော ၂၀၁၀ ပြည့်နှစ် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲမှစတင်၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ ဂေါက်ဖ်နှင့် ပြေးခုန်ပစ် အားကစားနည်းများတွင် တက္ကသိုလ် ကျောင်းသား ကျောင်းသူ အားကစားသမား

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

၄၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် တင်းနစ်အားကစားနည်းများတွင် ကြေးတံဆိပ်တစ်ခုစီ ဆွတ်ခူးရရှိခဲ့ကြောင်း။

ဒုတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မှုအဖြစ် ၂၀၁၂ ခုနှစ် လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ တက္ကသိုလ် ကျောင်းသားကျောင်းသူ အားကစားသမား ၆၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပိုက်ကျော်ခြင်း အားကစားနည်းတွင် ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း။

**ဆွတ်ခူးရရှိ**

တတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မှုအဖြစ် ၂၀၁၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ တက္ကသိုလ် ကျောင်းသားကျောင်းသူ အားကစားသမား ၈၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဝူရှူးနှင့် ကရာတေးဒိုတွင် ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ငါးခု၊ ပိုက်ကျော်ခြင်းတွင် ကြေးတံဆိပ် နှစ်ခုနှင့် ပြေးခုန်ပစ် အားကစားနည်းတွင် ကြေးတံဆိပ် သုံးခု ဆွတ်ခူးရရှိခဲ့ကြောင်း။

စတုတ္ထအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မှုအဖြစ် ၂၀၁၆ ခုနှစ် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ တက္ကသိုလ် ကျောင်းသားကျောင်းသူ အားကစားသမား ၃၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပိုက်ကျော်ခြင်း အားကစားနည်းတွင် ငွေတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း။

၂၀၁၈ ခုနှစ်တွင် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အားကစားနည်း ၁၇ မျိုး ထည့်သွင်းကျင်းပခဲ့ကြောင်း၊ ကျင်းပခဲ့သည့် အားကစားနည်းတိုင်းတွင် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူ အားကစားသမား ၃၅၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၄ ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၂၉ ခုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်ရပ်တည်မှု အဆင့်(၄)တွင် ရပ်တည်နိုင်ခဲ့ကြောင်း။

ယခု ၂၀၂၂ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၃ မျိုး ပါဝင်သော်လည်း မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့မှ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှု လွန်မြောက်ကာလဖြစ်၍ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဝူရှူးနှင့် မြားပစ် အားကစားနည်း လေးမျိုးတွင်သာ တက္ကသိုလ် ကျောင်းသား ကျောင်းသူ အားကစားသမား ၃၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များသည် နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်း ကောင်းမွန်မှု စသည့်အချက်များ ပြည့်ဝခိုင်မာစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်အတွက် စုစုပေါင်း ရွှေတံဆိပ်ဆု နှစ်ခု၊ ငွေတံဆိပ်ဆု နှစ်ခုနှင့် ကြေးတံဆိပ်ဆု နှစ်ခု ဆွတ်ခူးရရှိခဲ့ကြကြောင်း။

**ထောက်ပံ့ချီးမြှင့်**

ထိုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာတွင် အားကစားသမား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှင့် အမေရိကန်ဒေါ်လာ ၂၀၀ နှုန်း၊ နည်းပြတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းစီတို့အား နိုင်ငံတော်ဝန်ကြီးချုပ်မှ ထောက်ပံ့ချီးမြှင့်ခဲ့ကြောင်း။

ယခု ဂုဏ်ပြုချီးမြှင့်ပွဲတွင်လည်း တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ် ၇၅ သိန်း၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၅၀ ၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ် ၂၅ သိန်းစီ ချီးမြှင့်ပေးမည့်အပြင် အဖွဲ့လိုက်ပြိုင်ပွဲဖြစ်သည့် ဘောလုံးအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သည့် ပြိုင်ပွဲဝင်အားကစားသမားများကို တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြနှင့် အုပ်ချုပ်သူများကို ရွှေတံဆိပ်အတွက်တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ စီ၊ ငွေတံဆိပ်အတွက် ငွေကျပ် ၁၅ သိန်းစီ၊ ကြေးတံဆိပ်အတွက် ငွေကျပ် ၁၀ သိန်းစီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည့်အတွက် စုစုပေါင်းငွေကျပ် ငါးရာငါးဆယ့်ငါးသိန်းကို ယနေ့အခမ်းနားတွင် လက်ရောက်ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

**ကြိုတင်လေ့ကျင့်ပြင်ဆင်**

တက္ကသိုလ်အားကစားသမားများသည် သတ်မှတ်ထားသည့် ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို သာမက နည်းပြဆရာများ၏ လမ်းညွှန်မှုများကို လိုက်နာခဲ့ကြပြီး အားကစားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသဖြင့် ရွှေ၊ ငွေနှင့် ကြေးဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ကြောင်းနှင့် နောင်လာမည့် ပြိုင်ပွဲများတွင် အောင်မြင်မှုများရယူနိုင်ရန် ကြိုတင်လေ့ကျင့်ပြင်ဆင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဝူရှူးအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ နှစ်ဦးကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဝူရှူးအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသူနှစ်ဦးကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်က ဝူရှူးအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ တစ်ဦးနှင့် ကြေးတံဆိပ်ရရှိသည့် မြန်မာနိုင်ငံ တက္ကသိုလ် အမျိုးသားဘောလုံးအသင်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဝူရှူးအားကစားအဖွဲ့ အုပ်ချုပ်သူနှင့် နည်းပြကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဘောလုံးအားကစားအဖွဲ့ အုပ်ချုပ်သူနှင့် နည်းပြများကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ဝူရှူးအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မအေးသစ္စာမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဝူရှူးအားကစားအဖွဲ့မှ အုပ်ချုပ်သူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ဘောလုံးအားကစားအဖွဲ့မှ အုပ်ချုပ်သူ တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

# ညောင်တုန်းမြို့ ကမ်းပြိုမှု စိုးရိမ်ရသည့် အခြေအနေမရှိအောင် ရေးဆွဲထားသည့်ဒီဇိုင်းအတိုင်း ရေရှည်တည်တံ့ခိုင်ခံ့အောင် ဂရုပြုဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ညောင်တုန်းမြို့ အမှတ်(၃)ရပ်ကွက် ရန်ကင်းစံရာကူးတို့ဆိပ်၏ အောက်ဘက်တွင် ကမ်းပါးမြေသားနိမ့်ကျမှု ဖြစ်ပေါ်နေသောနေရာ၌ အခိုင်အမာကာကွယ်ရေးလုပ်ငန်းများ မဆောင်ရွက်နိုင်မီ ကမ်းပါးပြိုကျမှုသက်သာစေရန် ယာယီကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယာယီကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ကမ်းပါးရေရှည်တည်တံ့မည့် အခိုင်အမာကာကွယ်ရေးအတွက် Deep Foundation အမျိုးအစားကို အခြေခံ၍ Bore Pile အခြေပြု ကျောက်ပြားကပ်တမံ တည်ဆောက်ရေးအတွက် ဆောင်ရွက်မည့် ဒီဇိုင်းပုံစံများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ညောင်တုန်းမြို့ ကမ်းပြိုမှုအတွက် စိုးရိမ်ရသည့် အခြေအနေမရှိအောင် ရေးဆွဲထားသည့် ဒီဇိုင်းအတိုင်း စံချိန်စံညွှန်းပြည့်မီအောင်နှင့် ရေရှည်တည်တံ့ခိုင်ခံ့အောင် စနစ်တကျ ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧည့်ရိပ်သာတွင် ဟင်္သာတမြို့ရှိ ဝန်ကြီးဌာနလက်အောက်မှ ဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာလိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး၊ ရုံးဌာနများနှင့် ဝန်ထမ်းလိုင်းခန်းများ သန့်ရှင်းသာယာအောင် ဆောင်ရွက်ရေး၊ မိမိဌာန၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးပမ်း ထမ်းဆောင်ကြရေး၊ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအသိ လုံခြုံရေးသတိရှိစွာ တာဝန်ထမ်းဆောင်ကြရေးတို့ကို လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လေးမျက်နှာမြို့နယ်ရှိ သမိုင်းဝင် စတုမုခထူပါရုံစေတီတော်ကြီး တည်ရှိရာ ကမ်းပါးအား ငဝန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှု ကာကွယ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စေတီတော်မြတ်ကြီးအား ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ငဝန်မြစ်ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းရေး ရေလွှဲရေကာနံရံများ တည်ဆောက်ခြင်း၊ သောင်တူးဖော်ခြင်း၊ အခြေထိန်း Bore Pile တည်ဆောက်ခြင်း၊ ကမ်းပါးဆင်ခြေလျှောတွင် Geo Bag များ ချခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ပြီး ကမ်းပြိုမှုများမဖြစ်စေရေး စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားသည်။

**သတင်းစဉ်**

# လူမှုကွန်ရက်များအသုံးပြုကာ သတင်းမှားများနှင့် ကောလာဟလထုတ်လွှင့်နေမှုများ၊ သွေးခွဲလှုံ့ဆော်နေမှုများကို ဂရုပြုဆောင်ရွက်ကြပြီး သတင်းအမှန်ကိုသိရှိနိုင်ရေး တာဝန်ရှိသူများက ရှင်းလင်းတုံ့ပြန် အသိပေးနေရမည်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းမြို့ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ သွားရောက်စစ်ဆေးပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား၍ တပ်ဖွဲ့ဝင်နှင့် မိသားစုများ၏ အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆန္ဒဖော်ထုတ်တင်ပြစေပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ မိသားစုများအား စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။ **(အပေါ်ယာပုံ)**




**ချီးကျူးဂုဏ်ပြု**

ပြည်ထောင်စုဝန်ကြီးသည် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်အတွင်း အကြမ်းဖက်လှုပ်ရှားသူများ၏ နည်းမျိုးစုံဖြင့် အဖျက်အမှောင့်လုပ်ရပ်များ ပြုလုပ်နေမှုအခြေအနေ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား အကြောင်းမဲ့ စွပ်စွဲသတ်ဖြတ်ခြင်းနှင့် ဓားပြတိုက်လုယက်မှု ဖြစ်စဉ်များအား ချပြပြီး လုံခြုံရေးဂရုပြုဆောင်ရွက်ရေးနှင့် မိမိတပ်ဖွဲ့အပေါ် သစ္စာစောင့်သိရန် လိုအပ်ကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဖြစ်ပွားခဲ့သည့် နယ်စပ်ဒေသမှတ်တိုင်စခန်းတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ၏ ရွပ်ရွပ်ချွံချွံ ခုခံတိုက်ခိုက်နိုင်မှုကြောင့် လက်နက်ကိုင် သောင်းကျန်းသူများအနေဖြင့် မိမိတို့စခန်းအား အလွယ်တကူ မသိမ်းပိုက်နိုင်ဘဲ ရက်ပေါင်းအတန်ကြာ တိုက်ခိုက်ခဲ့ရပြီး မိမိတို့တပ်ဖွဲ့ဝင်များ နိုင်ငံတော်အတွက် အသက်စွန့်လှူခဲ့မှု ဖြစ်စဉ်အပေါ် ချီးကျူးဂုဏ်ပြုပါကြောင်း။

နိုင်ငံတော် အကြီးအကဲကိုယ်တိုင် ပညာရေးနှင့် ပတ်သက်၍ အထူးအလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရမှာဖြစ်ပြီး မိသားစုများအတွင်း ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အထူးဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိသားစုများအနေဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးကို ကိုယ်တိုင်ကိုယ်ကျ အကောင်အထည်ဖော်ရမည် ဖြစ်သကဲ့သို့ တာဝန်ရှိသူများကလည်း စဉ်ဆက်မပြတ် တွန်းအားပေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ လူမှုကွန်ရက်များ အသုံးပြုကာ သတင်းမှားများနှင့် ကောလာဟလ ထုတ်လွှင့်နေမှုများ၊ သွေးခွဲလှုံ့ဆော်နေမှုများကို ဂရုပြုဆောင်ရွက်ကြပြီး သတင်းအမှန်ကို သိရှိနိုင်ရေး တာဝန်ရှိသူများက ရှင်းလင်းတုံ့ပြန် အသိပေးနေရမည်ဖြစ်ကြောင်း အသေးစိတ် မှာကြားသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နယ်မြေခံရဲလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိစစ်ဆေးပြီး သင်တန်းကျောင်းစားရိပ်သာတွင် သင်တန်းသားများနှင့်အတူ နေ့လယ်စာ သုံးဆောင်ကာ လေ့ကျင့်ရေးကျောင်းရှိ သင်တန်းခန်းမနှင့် စာသင်ဆောင်များ နေရာချထားမှု၊ အိပ်ဆောင်ခင်းကျင်းထားရှိမှု၊ အားကစားခန်းမနှင့် ရေနှင့် မီးလွှာရရှိသုံးစွဲမှုနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ နေအိမ်လိုင်းခန်းအဆောက်အအုံ နေရာချထားမှုနှင့် လိုအပ်ချက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မိသားစုများနှင့် တွေ့ဆုံ၍ အခက်အခဲများကို မေးမြန်းဖြည့်ဆည်းကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ ရဲအရာရှိ အတတ်သင်ကျောင်းသို့ ရောက်ရှိပြီး သင်တန်းသားအရာရှိများနှင့်အတူ နေ့လယ်စာ စားသုံးကာ သင်တန်းကျောင်းမှ မိသားစုဝင်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး သင်တန်းကျောင်း ဧည့်ခန်းမဆောင်၊ အားကစားခန်းမနှင့် နေအိမ်လိုင်းခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသားဗဟိုပြုလေ့ကျင့်မှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လေ့ကျင့်ရေးကဏ္ဍအောင်မြင်ရေးအတွက် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဆောင်ပုဒ်နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်နှင့် ကျောင်းစာကြည့်တိုက်များကို တန်ဖိုးရှိအောင် အသုံးချပြီး သင်တန်းအချိန်ဇယားများတွင် စာကြည့်တိုက်အချိန်ကို သီးခြားထည့်သွင်း သတ်မှတ်ရန် လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်ပြီး လုံခြုံရေးတာဝန်ကို တပ်မတော်နှင့် ပူးတွဲထမ်းဆောင်ရာတွင် စိတ်ဓာတ်မြင့်တင်ရေး ဆောင်ရွက်ရန်တို့နှင့် ပတ်သက်၍ အသေးစိတ် မှာကြားခဲ့ကာ သင်တန်းကျောင်းရှိ စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များ မှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပြုလုပ်ပြီး ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၂) ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၂) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။



**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအပါအဝင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီနှင့် လုပ်ငန်းကော်မတီ လေးခုကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် ဆက်လက် အကောင်အထည်ဖော်ရန်ကိစ္စရပ်များကို ဆောင်ရွက်နေကြောင်း၊ တိုးတက်မှုရလဒ်များကို နိုင်ငံတကာသို့ ပြသနိုင်ရမည်ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများ အပါအဝင် အသိုက်အဝန်းများ၏ လူနေမှုဘဝ အမှန်တကယ် အဆင်ပြေချောမွေ့စေရေးအတွက် လက်တွေ့တွင် လုပ်ဆောင်ပေးရန် အရေးကြီးကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ရခိုင်ပြည်နယ်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် နိုင်ငံတကာ အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ နေရပ်စွန့်ခွာသူများ စိစစ်လက်ခံပြီးနောက် ပြန်လည်နေရာချထားရေးနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများ အပါအဝင် ဝန်ကြီးဌာနများအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီ၏ ရှေ့ဆက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က သတင်းမှန်ပြန်ကြားရေး၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွက် အကူအညီများကို ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများထံမှ ရယူရာတွင် မိမိတို့ လိုအပ်ချက်နှင့်အညီ ရယူ၍ မြေပြင်တွင် လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် ပြောကြားသည်။

**သတင်းစဉ်**

# စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် ပညာရှင်များသည် နိုင်ငံအကျိုးကို ဆောင်ရွက်ခဲ့ကြသူများဖြစ် အနုပညာစွမ်းအားဖြင့် တိုင်းပြည်တည်ငြိမ်တိုးတက်အောင် ဆက်လက်ဆောင်ရွက်ပေးကြစေလို



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မန္တလေးတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်၌ ကျင်းပသည်။

ညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးမြို့ရှိ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ၊ မန္တလေးဆေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့အချိန်မှာ မသမာသူအချို့၏အဖျက်အမှောက်လုပ်ရပ်အမျိုးမျိုး ကြုံတွေ့နေရသော်လည်း မန္တလေးမြို့ကြီး အကျည်းတန်အရုပ်မဆိုးရလေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသည့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မန္တလေးမြို့၏ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ချီးကျူးလေးစားပါကြောင်းနှင့် အသိအမှတ်ပြုပါကြောင်း၊ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် ပညာရှင်များသည် နိုင်ငံအကျိုးကို ဆောင်ရွက်ခဲ့ကြသူများ ဖြစ်သည့်အတွက် နိုင်ငံပြုသုခမိန်များဟု ပြောကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ အနုပညာစွမ်းအားဖြင့် တိုင်းပြည်တည်ငြိမ်တိုးတက်အောင် ဆက်လက်ဆောင်ရွက်ပေးကြစေလို ပါကြောင်းနှင့် ကျောင်းသား ကျောင်းသူများသည် မိမိတတ်ကျွမ်းသည့် ပညာဖြင့် တိုင်းပြည်က အားကိုးရသည့် ဆရာဝန်များ၊ သမားတော်ကြီးများ ဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် မန္တလေးမြို့ တည်ငြိမ်အေးချမ်းမှုကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည့် ပြည်သူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများ၏ စိတ်ချမ်းသာမှုနှင့် ဘဝတိုးတက်ရေးအတွက် မိမိတွင် တာဝန်ရှိသည်ဟု ခံယူပြီး ကြိုးစားဆောင်ရွက်ပေးနေပါကြောင်း၊ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို နေ့ခင်းပိုင်းက ကျင်းပခဲ့ပြီး ယခု ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကလေးစာဖတ်ခန်းအတွင်း စာပေလေ့လာဖတ်ရှုနေကြသည့် ကလေးငယ်များကို လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြို့မတေးဂီတ သက်ကြီးပညာရှင် ငါးဦးအား ဆုများကို လက်ရောက်ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များအား လက်ဆောင်ပစ္စည်းများ လက်ရောက် ပေးအပ်ကြသည်။ ဆက်လက်၍ ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက ကံစမ်းမဲများ နှိုက်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် အတူတကွ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်စဉ် အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ထုံးဘိုကျေးရွာ၌ တည်ထားကိုးကွယ်လျက်ရှိသည့် သီတဂူ ဆန်ချီစေတီတော်နှင့် သီတဂူ နွေရာသီ စံကျောင်းတော်တို့ကို သွားရောက်ကြည်ညိုရာ တည်ဆောက်ရေး တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသည့်နောက်တွင် ဗုဒ္ဓအယူဝါဒီတို့က ဘုရား၏ ဓာတ်တော်မွေတော်များကို ခိုင်ခံ့လုံခြုံသော ထူပါရုံစေတီတော်ကြီးများ၌ ဌာပနာကြ၏။ ဤသို့ဖြင့် သီရိဓမ္မာသောကမင်း၏ ခေတ်လောက်မှစ၍ ထူပါရုံစေတီတော်ကြီးများသည် အိန္ဒိယနိုင်ငံအလယ်ပိုင်း ဗိုပါးစီရင်စု၊ ဗိုပါးမြို့၏ အရှေ့မြောက် ၂၃ မိုင်အကွာတွင် တည်ရှိသော ရွာကလေး တစ်ရွာဖြစ်သည့် ဆန်ချီရွာတစ်ဝန်း၌ ပေါ်ထွန်းခဲ့ကြရာ ထိုအကြောင်းကိုမှီ၍ ဆန်ချီရွာသည် ရာဇဝင်တွင် ထင်ရှားကျော်စောလာခဲ့သည်။

ထူပါရုံစေတီတော်ကြီးများကို ဗီတွာမြစ်၏ လက်ဝဲဘက်ကမ်း ပေ ၃၀၀ အမြင့်ရှိသော သဲကျောက်တောင်ကုန်းငယ်တစ်ခုတွင် တည်ထား ဆောက်လုပ်ခဲ့ကြသည်။ ဆန်ချီ တောင်ကုန်းပေါ်၌ကား ထူပါရုံစေတီတော်ကြီးပေါင်း ၁၀ ဆူမျှ ရှိခဲ့လေသည်။ ယင်းတို့အနက် စေတီတော်ကြီးတစ်ဆူမှာ အချင်းအားဖြင့် ၁၀၃ ပေခန့်ရှိ၍ ဥဏှိတော်အားဖြင့် ၄၂ ပေခန့် ရှိ၏။ ယင်းကို သီတဂူဆန်ချီစေတီတော်အဖြစ် သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရဦးစီး၍ ပြင်ဦးလွင်မြို့နယ် ထုံးဘိုကျေးရွာ၌ တည်ထား ကိုးကွယ်နေခြင်းဖြစ်ပြီး လက်ရှိတွင် ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ပြင်ဦးလွင်မြို့ရှိ ခရိုင်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ကလေးစာဖတ်ခန်းအတွင်း စာပေလေ့လာဖတ်ရှုနေကြသော ကလေးငယ်များအား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ခရိုင်နှင့် မြို့နယ်ပြန်/ဆက်ရုံး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်း တည်ဆောက်ရန် လျာထားသည့်မြေနေရာကို ကြည့်ရှုကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ ၃၂ မိုင် အောင်ချမ်းသာကျေးရွာရှိ ဝိပဿီဓမ္မရိပ်သာသို့ ရောက်ရှိပြီး ဆရာတော် အရှင်ပညိန္ဒအား ဖူးမြော်ကြည်ညိုကာ လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လည်းကောင်း၊ ဗြဟ္မစရိယ ဓမ္မဗိမာန်တော်အတွင်း ယောဂီများ တရားအားထုတ်ရန် စီစဉ်ထားသည့် နေရာများကိုလည်းကောင်း လှည့်လည်ကြည်ညို လေ့လာသည်။

မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) သို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် စက်ရုံအတွင်းရှိ ပုံနှိပ်စက်များ၊ စက္ကူကိုဒေါင်၊ စာအုပ်ချုပ်စက်များနှင့် စက္ကူဖြတ်စက်များ၊ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

## ပြင်ဦးလွင်မြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးရက်တိုသင်တန်းဖွင့်

**ပြင်ဦးလွင် စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁)ရှိ ချယ်ရီခန်းမ၌ ယမန်နေ့က ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန်းဇော်ဦးက သင်တန်းဖွင့်ပွဲအမှာစကားပြောကြားပြီး အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး) တပ်ဖွဲ့စုမှူး ယာယီရဲမှူး ခင်မောင်သိန်းက ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လူကုန်ကူးမှုအခြေအနေများ၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းပုံစံဖြည့်သွင်းမှုများ စသည်တို့ကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကို စက်တင်ဘာ ၇ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ကာ သင်တန်းသားသင်တန်းသူ ၁၄၅ ဦး တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နေပြည်တော် မြို့မဈေး၌ တိုက်ရိုက်ရောင်းချနိုင်မည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန် လက်လီလက်ကားအရောင်းဆိုင် ဖွင့်လှစ်မည်

**နေပြည်တော် စက်တင်ဘာ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံဝန်ထမ်းများ လတ်ဆတ်သော သား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ညနေပိုင်းက ဌာနပိုင်မြေများ စိုက်ခင်းများမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ သား၊ ငါး၊ ကြက်ဥများကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ ပုဂ္ဂလိကခြံများ လက်လီလက်ကားရောင်းချနိုင်ရန် အခွန်လွတ်ဈေးအဖြစ် ဖွင့်လှစ်ပေးနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် တာဝန်ရှိသူများသည် နေပြည်တော် မြို့မဈေးအနီး အသစ်ဖွင့်လှစ်ပေးမည့် အအေးခန်းစက်ရုံ၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန် လက်လီလက်ကား အရောင်းဆိုင်နေရာနှင့် နေပြည်တော် ပုဗ္ဗသီရိဈေးအနီးရှိ စိုက်ပျိုးရေး ထွက်ကုန်ဈေးကွက်ဗဟိုဌာန အအေးခန်းသိုလှောင်ရုံကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ ရောင်းချခွင့်ရမည့် အဆိုပါ စိုက်ပျိုးမွေးမြူရေးထွက်ကုန် လက်လီလက်ကားအရောင်းဆိုင်နေရာကို စက်တင်ဘာ ၁၀ ရက် စနေနေ့တွင် စတင်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းအိမ်ရာများ၊ ရုံးများတွင်လည်း ဈေးကားများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ KOICA နှင့် ပူးပေါင်းဆောင်ရွက်သည့် နေပြည်တော် ပုဗ္ဗသီရိဈေးအနီးရှိ စိုက်ပျိုးရေးထွက်ကုန် ဈေးကွက်ဗဟိုဌာန အအေးခန်းသိုလှောင်ရုံ၌ စိုက်ပျိုးထုတ်လုပ်သူများ လက်ကားဈေးအဖြစ် လာရောက်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါ လက်ကားဈေးကြီး အမြန်ဆုံးဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၁ ရာစု ပညာခေတ် စာတတ်မြောက်ရေးသည် အဘက်ဘက်မှ နှံ့စပ်သိမြင်သည့် ပညာရှင်များဖြစ်အောင် ကြိုးပမ်းကြရမည်

**မန္တလေး စက်တင်ဘာ ၈**

၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို အမှတ် (၁၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပညာသည်သာ ရတနာ သီချင်းဖြင့် ဖွင့်လှစ်ခဲ့သည်။




ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၁ ရာစုကာလသည် ပညာခေတ်ဖြစ်သည့် အားလျော်စွာ အသိပညာ၊ အတတ်ပညာ၊ နည်းပညာတို့ဖြင့် လူ့ဘောင်သစ်ကို တည်ထောင်နေကြသည့် ကာလတွင် လူတိုင်းစာတတ်မြောက်ရေးသည် အရေးကြီးကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂကြီးက ကမ္ဘာ့ပြည်သူများ စာတတ်မြောက်မှုများ ဖြစ်လာအောင် ၁၉၆၅ ခုနှစ် စက်တင်ဘာလတွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရှင်များ စုံညီစွာ တက်ရောက်သည့် ကမ္ဘာ့စာတတ်မြောက်မှု ကွန်ကရက်တစ်ခုကို ကျင်းပခဲ့ပြီး စာမတတ်သူ ပပျောက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအဖြေရှာခဲ့သည့် စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၁၉၆၄ ခုနှစ်တွင် စာတတ်မြောက်ရေး လှုပ်ရှားမှုကို စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အတွင်း သက်ကြီးစာမတတ်သူ ပပျောက်ရေးအတွက် စာမတတ်သူဦးရေ ရာခိုင်နှုန်းများသည့် မြို့နယ်များတွင် အသုံးလုံး သင်တန်းများကို တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ လုပ်အားပေး စေတနာရှင်များနှင့် အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအစိုးရ အနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းစဉ်များကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၁ ရာစု ပညာခေတ်တွင် စာတတ်မြောက်ရေးသည် အားလုံးနှင့်သက်ဆိုင်သည့်အတွက် အရေး၊ အဖတ်အတွက် အသုံးလုံးကျေရုံသာမက အဘက်ဘက်မှ နှံ့စပ်သိမြင်သည့် ပညာရှင်များဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းအောင်က UNESCO ညွှန်ကြားရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအဆင့် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီးနောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပြခန်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူတိုင်းစာတတ်မြောက်ရေးသည် အဓိကအရေးကြီး

**ပဲခူး စက်တင်ဘာ ၈**

စာမတတ်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို အမှား/အမှန် မခွဲခြားနိုင်ဘဲ အကြမ်းဖက်မှု၊ ပဋိပက္ခများနှင့် ဆင်းရဲမွဲတေမှုတို့ကို ဖြစ်ပေါ်စေနိုင်သည့် အကျိုးသက်ရောက်မှုများ ရှိနိုင်သဖြင့် လူတိုင်း စာတတ်မြောက်ရန် အလွန်အရေးကြီးကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၂ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူတိုင်း စာတတ်မြောက်ရေးသည် အဓိက အရေးကြီးသည့် အပိုင်းတွင် ပါဝင်လျက်ရှိကြောင်း၊ စာတတ်မြောက်ခြင်းသည် လူသားအားလုံး အတွက် ပို၍တည်တံ့ ခိုင်မြဲသော အနာဂတ်ကို တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်တစ်ခု ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော "သင်ယူမှုဝန်းကျင်များ ချဲ့ထွင်သင်ယူကြပါစို့" ဆိုသည့်အတိုင်း လူတိုင်း စာတတ်မြောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အခမ်းအနားတွင် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "လူတိုင်းအတွက် ပညာရေး" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ချီးမြှင့်ခြင်း၊ ပဲခူးတိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူးက



နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် UNESCO အတွင်းရေးမှူး၏ သဝဏ်လွှာ ဖတ်ကြားခြင်းနှင့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် Video Clip ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

လျှောက်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။

စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# လူကုန်ကူးမှုတိုက်ဖျက်ဖို့ နည်းပညာအခန်းကဏ္ဍ မြှင့်တင်လုပ်ဆောင်စို့

ညွန့်ဝင်း(နတ်တလင်း)

**လူကုန်ကူးမှုဆိုသည်မှာ "ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံပေးခြင်းများကို ဆိုလိုကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ အခန်း-၁၊ ပုဒ်မ-၃ တွင် ဖွင့်ဆိုထားသည်။ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး တစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ ကျေးကျွန်အဖြစ် လုပ်အားကို ခေါင်းပုံဖြတ်ခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့စေခိုင်းခြင်း၊ သူတစ်ပါး၏ ခန္ဓာကိုယ်အစိတ်အပိုင်းအား ထုတ်ယူခြင်း၊ ရောင်းချခြင်းတို့သည် လူကုန်ကူးမှု၏ လက္ခဏာများ ဖြစ်ပါသည်။**

"ကုန်ကူး"ဟူသော ဝေါဟာရသည် ရှေးပဝေသဏီကပင် ပေါ်ပေါက်ခဲ့သော ဝေါဟာရဖြစ်သည်။ သက်မဲ့ကုန်ပစ္စည်းများကို တစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း၊ ရောင်းဝယ်ခြင်းဖြစ်သည်။ ထိုသို့ ကုန်ကူးရောင်းဝယ်ပေးခြင်းဖြင့် ရောင်းသူ ဝယ်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သောကြောင့် နှစ်ဦးနှစ်ဖက် ကောင်းမွန်အကျိုးရှိပေသည်။ နောက်ပိုင်းတွင် သက်ရှိတိရစ္ဆာန်များကိုပါ ကုန်ကူးရောင်းဝယ်လာကြသည်။ သို့သော် လူအချင်းချင်း အမျိုးမျိုးလှည့်ဖြား သိမ်းသွင်း၍ တစ်ဖက်မှ တစ်ဖက်သို့ လွှဲပြောင်းရောင်းဝယ်ကြသည့် လုပ်ငန်းမှာ အလွန်ဆိုးရွားလှပါသည်။ စက်ဆုပ်ရွံရှာဖွယ်လည်းဖြစ်သည်။ လူကို ကုန်ပစ္စည်းကဲ့သို့ သဘောထားကာ ခေါင်းပုံဖြတ်၊ အမြတ်ထုတ် ရောင်းဝယ်ကြသည့် "လူကုန်ကူးမှု" ကိုကား လူတိုင်းက ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်ရပေမည်။

ကမ္ဘာတွင် လူကုန်ကူးမှုသမိုင်းကို ပြန်ကြည့်လျှင် ၁၈-ရာစုအထိ မရှိသေးချေ။ ၁၉-ရာစုနှောင်းပိုင်းမှစ၍ အာဖရိကတိုက်တွင် လူမည်းများကို ဖမ်းဆီးရောင်းဝယ်ခဲ့ကြကာ ကျွဲ၊ နွားများကဲ့သို့ နှိပ်စက်ညှဉ်းပန်း ခိုင်းစေခဲ့ကြသည်။ ၂၀-ရာစုတွင် လူဖြူများကိုလည်း ကုန်ကူးရောင်းဝယ်လာကြသည်။ လူကုန်ကူးမှုတွင် ဘယ်သူသေသေ ငတေမာလျှင် ပြီးရောဆိုသည့် စိတ်ထား၊ လောဘနှင့် ရောင်းဝယ်ကြသူများနှင့် မသိနားမလည်မှု၊ အလွယ်ရယူလိုမှု လောဘတို့ကို တွေ့မြင်ကြရပေသည်။ လူကုန်ကူးမှုကို ထိရောက်သော ဥပဒေဖြင့် တိကျပြတ်သားစွာ အရေးမယူနိုင်လျှင် ဆက်လက်ရှင်သန်ကြီးထွားရန် အခွင့်အရေးပေးသကဲ့သို့ဖြစ်နေပေလိမ့်မည်။ တစ်ဖန် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ လုပ်ခနည်းခြင်းများကလည်း လူကုန်ကူးမှုဖြစ်မြောက်အောင် တွန်းပို့သလို ဖြစ်စေသည်။ အားလုံးကို ခြုံကြည့်လျှင် ဆင်းရဲမွဲတေမှု၊ ကြွေးမြီ မဆပ်နိုင်မှု၊ စာပေမတတ်မှု၊ ပညာရေးအဆင့်အတန်း နိမ့်ကျမှုတို့ကလည်း လူကုန်ကူးမှုဖြစ်စေသည့် စေ့ဆော်မှုများဖြစ်ကြောင်း တွေ့ရသည်။

တစ်ဖက်ရှုထောင့်မှကြည့်လျှင် ဖွံ့ဖြိုးပြီး နိုင်ငံများ၌ အဆမတန်ကြီးထွားနေသည့် စီးပွားရေးပြိုင်ဆိုင်မှုဖိအားများကြောင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်ဘက်များကို အနိုင်ရရန် ဈေးပေါပေါနှင့် လုပ်ကိုင်မည့် အလုပ်သမားများ ရရှိအောင် (တစ်နည်းအားဖြင့်) ဆင်းရဲသော နိုင်ငံများမှ လုပ်သားများကို ဖြတ်လမ်းနည်းဖြင့် ရရှိအောင် ကြိုးပမ်းမှုများကို ဖြစ်စေကြောင်း တွေ့ရသည်။ လူကုန်ကူးရောင်းဝယ်ခံရသူများသည် အလုပ်ခွင်တွင် မသန့်ရှင်းသော၊ ညစ်ပတ်ပေရေသော အလုပ်များ၊ သိက္ခာကျသော၊ အရှက်ရစေသော အလုပ်များ၊ အသက်အန္တရာယ်ရှိသော အလုပ်များကို လုပ်ကိုင်ရပြီး ကျန်းမာရေး ထိခိုက်ခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းတို့နှင့် ရင်ဆိုင်ရသည်။

## လူကုန်ကူးမှု ပြဿနာသည် အာရှနိုင်ငံများ၌ ကြီးထွားလျက်ရှိ

လူကုန်ကူးမှုပြဿနာသည် အာရှနိုင်ငံများ၌ ကြီးထွားများပြားလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း လူကုန်ကူးမှုများ ကြုံတွေ့ရသည်။ ယခုအခါ ပြည်တွင်းကူးသန်းရောင်းဝယ်မှုများ ရှိသကဲ့သို့ အခြားနိုင်ငံများသို့လည်း ရောင်းဝယ်ပေးပို့စေခိုင်းမှုများ ရှိနေပါသည်။ ဖြစ်ပေါ်ခဲ့သော လူကုန်ကူးမှု အမျိုးအစားများကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် အဓမ္မထိမ်းမြားလက်ထပ်မှု၊ အဓမ္မစေခိုင်းမှု၊ ပြည့်တန်ဆာပြုမှု၊ ကလေးသူငယ် လူကုန်ကူးမှုဟူ၍ တွေ့ရသည်။




> **"လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်အတူ လူကုန်ကူးခံရသူများကို စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ ဖေးမကူညီရေးသည်လည်း အရေးကြီးသော လုပ်ဆောင်ချက်ဖြစ်သည်။ အသိမှန် အမြင်မှန်များဖြင့် ဘဝခွန်အားများ ပြန်လည်ရရှိအောင် ကူညီစောင့်ရှောက်၍ မိဘရပ်ထံ ပြန်လည်ပို့ဆောင်ရေး ဆောင်ရွက်ကြရပါသည်။ ထို့ပြင် ၎င်းတို့ အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန်၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနိုင်ရန်တို့ကို နောက်ဆက်တွဲ စောင့်ရှောက်မှုများအဖြစ် ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါသည်"**

### တစ်မျိုးသားလုံးက ဝိုင်းဝန်းစုပေါင်း တိုက်ဖျက်

ကမ္ဘာ့နိုင်ငံအသီးသီး၌ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ကာ လူကုန်ကူးခံရသူ ရှစ်သိန်းခန့်ရှိသည်ဟု သိရသည်။ လူကုန်ကူးမှုခံရမှုမှာလည်း ပုံစံမျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် လူကုန်ကူးခံနေကြရသည်။ လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီး၊ အမျိုးသားတို့ကို တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဂျပန်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် တွေ့ရသည်။ စေခိုင်းခံရသည့် အလုပ်သမားများမှာ ၎င်းနိုင်ငံရှိ အနည်းဆုံးလုပ်ခရရှိသူ၏ လုပ်ခတစ်ဝက်နှင့် တစ်ဝက်အောက်သာရရှိပြီး အလုပ်ချိန်မှာ နားချိန်မရှိလောက်အောင်ပင် ဖြစ်သည်။ ထို့ကြောင့် လူကုန်ကူးခံရမှု၏ အန္တရာယ်များကို လူတိုင်းသိရှိနားလည်ပြီး တားဆီးကာကွယ်နိုင်ရန် တစ်မျိုးသားလုံးက ဝိုင်းဝန်းစုပေါင်း တိုက်ဖျက်ကြရပေမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၃ ရက် ကမ္ဘာ့လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ကို "လူကုန်ကူးမှုတိုက်ဖျက်ဖို့ နည်းပညာ အခန်းကဏ္ဍ မြှင့်တင်လုပ်ဆောင်စို့" (Use and Abuse of Technology ) ဟု သတ်မှတ်ထားပါသည်။ လူကုန်ကူးမှု တိုက်ဖျက်ရေး ရည်ရွယ်ချက် (၄) ရပ် (The Four Objectives) ကို -

(၁) လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊
(၂) လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊
(၃) လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်၊
(၄) လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဟူ၍ ထားရှိဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံများ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်မှုများ ထိရောက်အောင်မြင်စေရန် ကမ္ဘာ့နိုင်ငံသားအားလုံး၊ မြန်မာ့နိုင်ငံသားအားလုံး ဝိုင်းဝန်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်ပါသည်။

### လူကုန်ကူးမှုအန္တရာယ်အသိပညာပေး ဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်

လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ကြိုတင်တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များသည် အလွန်အရေးပါသည်။ ကြိုတင်တားဆီးကာကွယ်ရာ၌ လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲများကို နေရာဒေသအသီးသီး၌ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်၍ အသိပညာများ ဖြန့်ဝေပေးရန် လိုသည်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီး၌ လူကုန်ကူးမှု တိုက်ဖျက်ရေး ပညာပေးကာတွန်း၊ ပန်းချီ၊ ဆောင်းပါး၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲပြုလုပ်ပေးခြင်းဖြင့် တိုက်ဖျက်ရေး နည်းပညာကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန် လိုပါသည်။ စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်အနုပညာရှင်များကလည်း ဟောပြောခြင်း၊ ရေးသားခြင်း၊ အငြိမ့်၊ ပြဇာတ်၊ တေးသီချင်းများဖြင့် သရုပ်ဖော်တင်ဆက်ပညာပေးခြင်း၊ ရုပ်သံလွှင့်ဌာနများမှ ပညာပေးဇာတ်လမ်းများ ရိုက်ကူးထုတ်လွှင့်ခြင်း စသောနည်းပညာများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရပါမည်။ လူကုန်ကူးမှုဖြစ်ပွားလျှင် အသိပေးတိုင်ကြားနိုင်မည့် တယ်လီဖုန်းနံပါတ်များကို စာနယ်ဇင်း၊ ပိုစတာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့ကတစ်ဆင့် ပြည်သူလူထုသိရှိ ဆက်သွယ်နိုင်အောင် ဖြန့်ဝေပေးရန် လိုသည်။

### ဘဝခွန်အားများ ပြန်လည်ရရှိအောင် ကူညီစောင့်ရှောက်

လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်အတူ လူကုန်ကူးခံရသူများကို စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ ဖေးမကူညီရေးသည်လည်း အရေးကြီးသော လုပ်ဆောင်ချက်ဖြစ်သည်။ အသိမှန် အမြင်မှန်များဖြင့် ဘဝခွန်အားများ ပြန်လည်ရရှိအောင် ကူညီစောင့်ရှောက်၍ မိဘရပ်ထံ ပြန်လည်ပို့ဆောင်ရေး ဆောင်ရွက်ကြရပါသည်။ ထို့ပြင် ၎င်းတို့ အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန်၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနိုင်ရန်တို့ကို နောက်ဆက်တွဲ စောင့်ရှောက်မှုများအဖြစ် ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါသည်။

လူကုန်ကူးမှုကို တိုက်ဖျက်ကြရာ၌ နိုင်ငံတော်အစိုးရကချည်း ဆောင်ရွက်နေရုံနှင့် မပြီးပါ။ လွယ်ကူပြည့်စုံမည်လည်း မဟုတ်ပါ။ လူကုန်ကူးမှုဆိုင်ရာ အသိပညာများကို ပြည်သူတစ်ရပ်လုံးသို့ စိမ့်ဝင်ပျံ့နှံ့စေရန် နည်းပညာအခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်မှုများနှင့်အတူ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ အောင်မြင်မှုများများပိုင်ပိုင် ရရှိမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

# နိုင်ငံသားတိုင်း စာတတ်မြောက်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်

**နေပြည်တော် စက်တင်ဘာ ၈**

ကျောင်းပြင်ပရောက်ကလေးသူငယ်များများပြားနေခြင်း၊ စာမတတ်သူဦးရေ များပြားနေခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်ကို တွေ့ရကြောင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီနာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ က ပြောကြားသည်။




ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် သန်းခေါင်စာရင်းအရ အသက် ၁၅နှစ်နှင့်အထက် စာမတတ်သူဦးရေ ၃ ဒသမ ၅ သန်းရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာကို ပြီးဆုံးအောင်မသင်ကြားနိုင်ခဲ့သည့် ကလေးသူငယ် ၂ ဒသမ ၇ သန်း ရှိကြောင်း။

မြန်မာနိုင်ငံရှိ ၁၅ နှစ်နှင့်အထက် စာမတတ်သူများကို နှစ်အလိုက်လျှော့ချနိုင်ရေးအတွက် အမျိုးသားပညာရေး အထူးစီမံကိန်းများတွင် ထည့်သွင်းရေးဆွဲ အစီအစဉ်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားတိုင်း စာတတ်မြောက်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) တွင် ကျောင်းပြင်ပရောက်ကလေးငယ်များအတွက် ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရေးနှင့် စာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေး အစီအစဉ်များကို လုပ်ငန်းအစီအစဉ်များချမှတ်၍ နှစ်အလိုက် တိုးချဲ့ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း။

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် "သင်ယူမှုဝန်းကျင်များ ချဲ့ထွင်သင်ယူကြပါစို့" ဆောင်ပုဒ်အတိုင်း ကမ္ဘာ့နိုင်ငံများနည်းတူ နိုင်ငံအတွင်းရှိ အခြေခံမူလတန်းပညာပြီးမြောက်အောင် မသင်ကြားခဲ့ရသော ကျောင်းနေအရွယ်လွန်ကလေးများ၊ စာမတတ်သူလူငယ်များနှင့် လူကြီးများအတွက် စာတတ်မြောက်ရေးလုပ်ငန်းအစီအစဉ်များကို မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် လုပ်ငန်းအစီအစဉ်များရေးဆွဲအကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း။

အမျိုးသားပညာရေးဥပဒေ(၂၀၁၄)တွင် အခမဲ့အခြေခံပညာရေးကို ဦးတည်ဆောင်ရွက်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေးအတွက် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းကို ပြောင်းလဲလာသော ခေတ်စနစ်၏ လိုအပ်ချက်အရ KG+9 ဖြစ်သော အခြေခံပညာအလယ်တန်းဆင့် ပညာရေးပြီးမြောက်ရေး၊ စိုက်ပျိုးရေးပညာနှင့် နည်းပညာဆိုင်ရာကျွမ်းကျင်သူများဖြစ်လာစေရန် ဆက်လက်သင်ယူသွားနိုင်ရေး ဦးတည်လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံယူနက်စကိုအမျိုးသားကော်မရှင်အတွင်းရေးမှူးချုပ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်ရှင်က ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား စာတတ်မြောက်ရေးလုပ်ငန်းများဆောင်ရွက်မှု Video Clip ကို ပြသသည်။

ယင်းနောက် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "စာတတ်မြောက်ရေးဝိုင်းကူပေး" သီချင်းဖြင့် သီဆိုဂုဏ်ပြု ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အခမ်းအနားတွင် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် အခြေခံပညာအထက်တန်းကျောင်းနှစ်ကျောင်းမှ ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး ၂၀၂၂ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရှင်များ၊ မြန်မာနိုင်ငံယူနက်စကိုအမျိုးသားကော်မရှင်အတွင်းရေးမှူးချုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ ခြောက်လတာကာလ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ထပ်ဆင့်ရှင်းလင်းမှာကြားပြီး ညွှန်ကြားချက်များအပေါ် ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံထားရှိမှု အခြေအနေများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားခြင်းများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းတာဝန်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**





ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ဦးစစ်အေး၊ ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးစိုးတင့်၊ သူရဦးဘိုနီနှင့် ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များက ၂၀၂၂ ခုနှစ် ခြောက်လပတ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ပြုလုပ်ရာ တပ်ကုန်းမြို့မရဲစခန်းမှူး ဒုရဲမှူးရဲတေဇ ဦးစီး၍ တပ်ဖွဲ့ဝင် ၁၀ ဦး စုပေါင်း သွေးလှူဒါန်းစဉ်။

တင့်ဇော်ထွန်း (တပ်ကုန်း)





(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရဲတပ်ဖွဲ့ (နေပြည်တော်) မှ စက်တင်ဘာ ၈ ရက်နေ့တွင် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့မှူး ရဲမှူးကြီး စိုးမြင့်ဦး ဦးစီး၍ တပ်ဖွဲ့ဝင် / စာရေးဝန်ထမ်း ၁၉ ဦးတို့ စုပေါင်းသွေးလှူဒါန်းစဉ်။

သတင်းစဉ်

# (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကြို့ပင်ကောက် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ရဲတပ်ဖွဲ့မှ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့က အနောက်တောင်ရပ်ကွက် မင်းကျောင်းဘုန်းတော်ကြီးကျောင်း၌ ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

အဆိုပါပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းသိန်း ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များက မင်းကျောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် မြက်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စစ်ကိုင်းမြို့ ပတ္တမြားစေတီ တောင်တက်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ တက်ရောက်




**မုံရွာ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပတ္တမြားစေတီ တောင်တက်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး အနီး၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းမြို့၏ အထင်ကရနေရာများထဲမှ တစ်ခု အပါအဝင်ဖြစ်သည့် ပတ္တမြားစေတီသို့ သွားလာသည့် ကွန်ကရစ်လမ်းသစ် ဖြစ်သည့်အတွက် စစ်ကိုင်းမြို့၏ သမိုင်းဝင်မှတ်တိုင် စိုက်ထူသည့်နေ့ဟု ခေါ်ဆိုလို့ရပါကြောင်း၊ ပတ္တမြားစေတီ တောင်တက်လမ်း သွားလာမှု ချောမွေ့ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် အလှူရှင်မိဘပြည်သူများက ကွန်ကရစ်လမ်းအား စုပေါင်း လှူဒါန်းငွေများဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၊ စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆင့်၊ လမ်းဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းနိုင်၊ အလှူရှင် ဦးအုပ်စိုးတို့ကကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ (ယာပုံ)

အဆိုပါ ပတ္တမြားစေတီ တောင်တက်လမ်းသည် အရှည် ပေ ၅၂၀၀၊ အကျယ် ၁၄ ပေ၊ ခြောက်လက်မထု ကွန်ကရစ်လမ်းဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၁၀၀၊ စေတနာရှင်မိဘပြည်သူများမှ ငွေကျပ် ၈၃၁ သိန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဘိလပ်မြေအိတ် ၄၀၀၀ စုစုပေါင်း ကုန်ကျငွေကျပ် ၁၁၇၁ သိန်းဖြင့် ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ရာ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့သို့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာအား ဖတ်ကြားပြီး စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသူများက မွန်ရိုးရာအက ဖြင့် ဖျော်ဖြေကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အတွက် ငွေကျပ် ငါးသိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းအား လိုက်လံကြည့်ရှု အားပေးပြီး ကျောင်းသား ကျောင်းသူများ ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။




ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိသည့် ဆေးတစ်လုံးလျှင် လူနှစ်ဦးထိုးနိုင်သော Sinovac ဆေးနှင့် ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနိုင်သော Myancopharm ဆေးများကို ယနေ့တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ Sinovac ဆေး ၄၆၄၃၇ လုံးနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ Myancopharm ဆေးအလုံး ၁၀၀၀၀၊ ဆေးထိုးအပ် ၇၀၀၀၀ တို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းစတင်ထိုးနှံ

**နန်းယွန်း စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ထပ်ဆောင်း (စတုတ္ထ)အကြိမ် ထိုးနှံခြင်းကို ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြို့နယ်ပြည်သူ့ဆေးရုံရှိ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု အဆောင်၌ စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး Sinopharm ထိုးနှံပေးရာတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံသူများကို ကာကွယ်ဆေးထိုးမှတ်တမ်းရေးသွင်းခြင်းနှင့် သွေးပေါင်ချိန်ပေးခြင်းတို့ကို ဆောင်ရွက်ပြီး မြို့ပေါ်(၃)ရပ်ကွက်ရှိ မိဘပြည်သူ ၉၇၀ တို့ကို ထိုးနှံပေးခဲ့ကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို မထိုးနှံရသေးသော ရပ်ကွက်၊ ကျေးရွာအတွင်းရှိ မိဘပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းကျဆင်းစေရန်နှင့် ဆေးထိုးနှံမှု ရာခိုင်နှုန်း အပြည့်အဝလွှမ်းခြုံနိုင်စေရန်အတွက် ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၃၁၀၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၆၁၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ဒေသခံပြည်သူ ၃၄၀၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၂၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၁၄၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၆၄၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး၊ အထောက်အကူဖြစ်စေရန်အတွက် စက်တင်ဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) အဝေးပြေးကွပ်ကဲမှုအောက်ရှိ အောင်မင်္ဂလာအဝေးပြေးယာဉ် ရပ်နားစခန်းဝင်းအတွင်း ယာဉ်လိုင်းဂိတ်ခန်းများနှင့် ခရီးသွားပြည်သူအား နှာခေါင်းစည်းငါးထောင် အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေး နှိုးဆော်ခြင်း ဆောင်ရွက်စဉ်။ အာကာစိုး

# အင်္ဂလန်ဘုရင်မကြီး အယ်လီဇဘက်-၂ အနိစ္စရောက်ကြောင်း ဘတ်ကင်ဟမ်နန်းတော်က ကြေညာ

လန်ဒန် စက်တင်ဘာ ၈

**အင်္ဂလန်နိုင်ငံတွင် နန်းသက်အရှည်ကြာဆုံး ဘုရင်မကြီး အယ်လီဇဘက်-၂ သည် သက်တော် ၉၆ နှစ် အရွယ် နန်းသက် နှစ် ၇၀ တွင် စကော့တလန်ရှိ ဘယ်လ်မိုရယ်ရဲတိုက်၌ အနိစ္စရောက်ခဲ့ပြီဖြစ်ကြောင်း ဘတ်ကင်ဟမ်နန်းတော်က သတင်းထုတ်ပြန်လိုက်သည်။**



ယနေ့နံနက်ပိုင်းက နောက်ထပ် ဆေးဘက်ဆိုင်ရာ ခန့်မှန်းတွက်ချက်မှုများ ပြုလုပ်ပြီးနောက် ဘုရင်မကြီး၏ ဆရာဝန်များသည် ကျန်းမာရေးအပေါ် စိုးရိမ်ပူပန်ခဲ့ကြပြီး ဘုရင်မကြီးအနေဖြင့် ဆေးဝါးစောင့်ရှောက်မှု ဆက်လက်ခံယူရမည်ဖြစ်ကြောင်း မှတ်ချက်ပြု ပြောကြားခဲ့သည်ဟု ဘတ်ကင်ဟမ်နန်းတော်က ၎င်း၏ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဘုရင်မကြီး၏ မိသားစုများသည် ၎င်း၏ စံအိမ်တော်၌ စုရုံးခဲ့ကြပြီး ဘုရင်မကြီး၏ ကျန်းမာရေးအခြေအနေအပေါ် စိုးရိမ်ပူပန်ခဲ့ကြသည်။

ဘုရင်မကြီးသည် ၁၉၅၂ ခုနှစ်တွင် ဗြိတိန်ထီးနန်းကို ဆက်ခံခဲ့ပြီး လူမှုရေးရာအပြောင်းအလဲကြီးများကို မျက်မြင်ကြုံတွေ့ခဲ့ရသည်။ ဘုရင်မကြီး၏ အကြီးဆုံးသားဖြစ်သူ ဝေလမင်းသား ချားလ်စ်က ဘုရင်အဖြစ် နိုင်ငံကို ဦးဆောင်သွားမည်ဖြစ်ပြီး ဓနသဟာယအဖွဲ့၏အကြီးအကဲလည်း ဖြစ်လာမည်ဖြစ်သည်။

ဘတ်ကင်ဟမ်နန်းတော် ကြေညာချက်တွင် ဘုရင်မကြီးသည် ယနေ့ နေ့လယ်ပိုင်းက ဘယ်လ်မိုရယ်တွင် ငြိမ်းချမ်းစွာ အနိစ္စရောက်သွားပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ ၆ ရက်က ဘယ်လ်မိုရယ်ရဲတိုက်၌ ဘုရင်မကြီးသည် တာဝန်မှထွက်ခွာတော့မည့် ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ နုတ်ထွက်လွှာကို လက်ခံခဲ့ပြီး ၎င်း၏နန်းစံသက်နှစ် ၇၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် လစ်ဇ်ထရက်စ်ကို ဗြိတိန်ဝန်ကြီးချုပ် သစ်အဖြစ် ခန့်အပ်ခဲ့သည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘန်ဒေါင်းပြည်နယ်၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၃၂ ဦး သေဆုံး

**ဟန္နိုင်း စက်တင်ဘာ ၈**


မီးလောင်မှုဖြစ်ပွားရာ ကာရာအိုကေဆိုင်ကို မီးငြိမ်းသတ်နေစဉ်။

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း ဘန်ဒေါင်းပြည်နယ်၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူ ၃၂ ဦး သေဆုံးခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက စက်တင်ဘာ ၇ ရက်တွင် ဖော်ပြခဲ့သည်။

မီးသည် စက်တင်ဘာ ၆ ရက် ညတွင် ဒေသတွင်း ကာရာအိုကေဘား သုံးထပ်အဆောက်အအုံ၏ ဒုတိယထပ်နှင့် တတိယထပ်ကို ဝါးမြိုခဲ့ပြီး အလျင်အမြန်ကူးစက်လောင်ကျွမ်း ခဲ့သောကြောင့် ဝန်ထမ်းများနှင့် ဆိုင်သို့လာရောက်လေ့ရှိသည့် ဖောက်သည်များ ပိတ်မိနေခဲ့ကြောင်း သတင်းအေဂျင်စီက ဆက်လက်ဖော်ပြသည်။

အဆိုပါ မီးလောင်မှုကြောင့် သေဆုံးသူ ၃၂ ဦးအထိ ရှိခဲ့ပြီး သေဆုံးသူများထဲတွင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ၁၆ ဦး ပါဝင်သည်။

လျှပ်စစ်ဝိုင်ယာရှော့ခ်ကြောင့် မီးလောင်မှု ဖြစ်ပွားခဲ့ဖြစ်ပြီး မီးသည် အသံလုံရေမြှုပ်မွေ့ရာများနှင့် သစ်သားဖြင့် အလှဆင်ထားသည့်ဆိုင်အတွင်း လျင်မြန်စွာ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ဘန်ဒေါင်းပြည်သူ့ကော်မတီ၏ ထုတ်ပြန်ချက်ကို နယူးအေဂျင်စီက ကိုးကားဖော်ပြခဲ့သည်။

မီးသတ်ကား ၁၃ စီးနှင့် မီးသတ်သမား ၆၆ ဦးတို့ကို မီးလောင်မှုဖြစ်ပွားရာ နေရာ၌ ဖြန့်ကြက်ထားပြီး မီးငြိမ်းသတ်ခဲ့ရာ တစ်နာရီအတွင်း မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့သည်။ သက်ဆိုင်ရာအာဏာပိုင်များသည် အဆိုပါဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အဆိုပါသတင်းအေဂျင်စီက ဆက်လက်ဖော်ပြသည်။

ဗီယက်နမ်သမ္မတ ငုယင်စွမ်းဖုက မီးလောင်မှုကြောင့် သေဆုံးသွားသူများ၏ မိသားစုများထံသို့ အလွန်ဝမ်းနည်းကြောင်း ဖော်ပြခဲ့ပြီး လိုအပ်သည်များ ထောက်ပံ့ပေးရန် သက်ဆိုင်ရာ အာဏာပိုင်များကို တိုက်တွန်းပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဆီးရီးယားနိုင်ငံ အလက်ပိုမြို့၌ အဆောက်အအုံပြိုကျမှုဖြစ်ပွားရာ ၁၀ ဦး သေဆုံး

**ဒမတ်စကတ် စက်တင်ဘာ ၈**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်း အလက်ပိုမြို့၌ စက်တင်ဘာ ၇ ရက်က ငါးထပ်ရှိသည့် လူနေအဆောက်အအုံပြိုကျမှုဖြစ်ပွားရာ ၁၀ ဦးထက်မနည်းသေဆုံးကြောင်း နိုင်ငံပိုင်သတင်းဌာန တစ်ခုဖြစ်သည့် SANA က ဖော်ပြထားသည်။ အဆောက်အအုံပြိုကျမှုကြောင့် အမျိုးသမီးခြောက်ဦးနှင့် ကလေးသုံးဦးသေဆုံးသွားပြီး အမျိုးသား တစ်ဦးကို အယ်လ်ဖာဒက်စ်ရပ်ကွက်ရှိ ပျက်စီးနေသည့် အဆောက်အအုံအောက်တွင် တွေ့ရှိခဲ့ကြောင်း၊ အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးကို ကယ်ဆယ်မှုများ လုပ်ဆောင်ခဲ့ပြီး ဆေးကုသမှုခံယူရန်အတွက် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဆောက်အအုံမှာ အာဏာပိုင်များ၏ ခွင့်ပြုချက်မရှိဘဲ တရားမဝင်ဆောက်လုပ်ထားကြောင်း အလက်ပိုမြို့အာဏာပိုင်များကို ကိုးကားပြီး ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# ကနေဒါနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူ ၁၃၁၇ ဦးရှိလာ



**အော့တဝါ စက်တင်ဘာ ၈**

ကနေဒါနိုင်ငံ၌ စက်တင်ဘာ ၇ ရက်အထိ ဆေးရုံတက်ရောက်ကုသနေသူ ၃၅ ဦးအပါအဝင် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူ ၁၃၁၇ ဦး ရှိလာပြီဖြစ်ကြောင်း ကနေဒါပြည်သူ့ကျန်းမာရေးအေဂျင်စီ (ပီအိတ်ချ်အေစီ)က အတည်ပြုပြောကြားသည်။

မျောက်ကျောက်ရောဂါ ကူးစက်ခံရသူများမှာ အွန်တေးရီယိုပြည်နယ်တွင် ၆၃၁ ဦး၊ ကွီးဘက်ပြည်နယ်တွင် ၅၀၅ ဦး၊ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၁၃၉ ဦး၊ အယ်ဘာတာပြည်နယ်တွင် ၃၄ ဦး၊ ဆာစကက်ချီဝမ်ပြည်နယ်တွင် သုံးဦး၊ ယုကွန်ပြည်နယ်တွင် နှစ်ဦး၊ နိုဗာ စကိုတီယာပြည်နယ်တွင် တစ်ဦး၊ မန်နီတိုဘာပြည်နယ်တွင် တစ်ဦးနှင့် နယူးဘရန်ဆွစ်ပြည်နယ်တို့တွင် တစ်ဦးစီတို့ဖြစ်ကြသည်။

မျောက်ကျောက်ရောဂါသည် ပွေ့ဖက်ခြင်း၊ နမ်းခြင်း၊ နှိပ်နယ်ပေးခြင်း သို့မဟုတ် လိင်ဆက်ဆံခြင်း အပါအဝင် ရောဂါရှိသူနှင့် အနီးကပ်ထိတွေ့ခြင်းမှ လူမှလူသို့ ကူးစက်နိုင်သော ဗိုင်းရပ်စ်ရောဂါဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောသည်။ **ဆင်ဟွာ**

# အီသီယိုပီးယား ရွှေတင်ပို့မှု အမေရိကန် ဒေါ်လာ သန်း ၅၆၀ ကျော် ရရှိ

**အဒစ္စအဘာဘာ စက်တင်ဘာ ၈**

အီသီယိုပီးယားနိုင်ငံ၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ရွှေတင်ပို့မှုမှ ဝင်ငွေအမေရိကန် ဒေါ်လာ သန်း ၅၆၀ ကျော် ရရှိခဲ့ကြောင်း အီသီယိုပီးယားအာဏာပိုင်များက စက်တင်ဘာ ၇ ရက်တွင် ပြောကြားသည်။



နိုင်ငံ အနောက်တောင်ပိုင်း အိုရိုမီယာ၊ ဘင်နီရှန်ဂူ-ဂူမက်ဇ်နှင့် ဂန်ဘယ်လာဒေသအတွင်း သတ္တုတွင်းလုပ်ငန်းများမှ ရွှေအမြောက်အမြားကို တင်ပို့နိုင်ခဲ့ကြောင်း အီသီယိုပီးယားသတ္တုတွင်းဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး သောမတ်တူးက ပြောကြားသည်။

အီသီယိုပီးယားနိုင်ငံမှ ဒေသလေးခုကို သတ္တုတူးဖော်ရေးကဏ္ဍမှ အများသူငှာ အကျိုးပြုနိုင်စေရန် အဖွဲ့အစည်းနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုဖြင့် ဝန်ကြီးဌာနက ကူညီပေးနေကြောင်း ပြည်နယ်ဝန်ကြီး တူး က ဆက်လက်ပြောသည်။

အီသီယိုပီးယား နိုင်ငံသည် မကြာသေးမီနှစ်များ အတွင်းက တရားမဝင်သတ္တု တူးဖော်ရေး လုပ်ငန်းများကို တိုက်ဖျက်ရန် အစုလိုက် လှုံ့ဆော်မှုတစ်ခုကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အီသီယိုပီးယားနိုင်ငံ သည် မကြာသေးမီ နှစ်များအတွင်း အဆိုပါကဏ္ဍမှ ၎င်း၏ ဝင်ငွေကို မြှင့်တင်ရန် သတ္တုတွင်းကဏ္ဍတွင် အဓိက ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# စာဖတ်တဲ့အလေ့အကျင့်ကို မွေးမြူပေးကြရအောင်

**ရေနံ့သာမောင်ကျော်ညွန့်**

မိဘတွေမှာ သားသမီးများရှိကြတယ်။ ဆရာ ဆရာမတွေမှာလည်း သားသမီးတွေရှိကြပါတယ်။ နိုင်ငံတော်မှာလည်း သားသမီးတွေရှိတာပါပဲ။ မိဘတွေမှာ ရှိနေတဲ့ သားသမီးများကတော့ ရင်မှာလွယ်ဖွားမွေးဖွားခဲ့ရသူများပါ။ ဆရာ ဆရာမတွေဆီမှာ ရောက်လာတဲ့ မိဘတွေရဲ့ သားသမီးများကတော့ ဆရာ ဆရာမတွေရဲ့ တပည့်သားသမီးများပါပဲ။ နိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ မိဘတွေရဲ့ သားသမီးများကတော့ နိုင်ငံတော်ရဲ့ သားသမီးများပဲ ဖြစ်ပါတယ်။

မိဘတွေက သားသမီးတွေကို လိမ္မာယဉ်ကျေးပြီး ထူးချွန်ထက်မြက်တဲ့ သားကောင်းသမီးမွန်တွေ ဖြစ်စေချင်ကြပါတယ်။ ဆရာ ဆရာမများကလည်း တပည့်သားသမီးများကို လိမ္မာယဉ်ကျေးပြီး ထူးချွန်ထက်မြက်တဲ့ တပည့်ကောင်း တပည့်မွန်တွေဖြစ်စေချင်ကြတာပါပဲ။ နိုင်ငံတော်ကလည်း နိုင်ငံ့သားသမီးများကို လိမ္မာယဉ်ကျေးပြီး ထူးချွန်ထက်မြက်တဲ့ နိုင်ငံ့သားကောင်း နိုင်ငံ့သမီးမွန်တွေ ဖြစ်စေချင်တာပါပဲ။ ဒါကြောင့် ယနေ့ လူငယ်မောင်မယ်များဖြစ်ကြတဲ့ သားသမီးတွေကို လိမ္မာယဉ်ကျေးထူးချွန်ထက်မြက်ပြီး ကမ္ဘာနဲ့ယှဉ်ရင်ပေါင်တန်းနိုင်တဲ့ သားသမီးတွေဖြစ်အောင် မွေးမြူပြုစုပေးနေကြခြင်းပဲ ဖြစ်ပါတယ်။

### သင်ယူမှုအခွင့်အလမ်းကို တိုးမြှင့်ဆောင်ရွက်ပေး

ကမ္ဘာနဲ့ယှဉ်ရင်ပေါင်တန်းနိုင်တဲ့ သားကောင်းသမီးမွန်တွေဖြစ်ဖို့ ပဓာနကျတဲ့ အချက်ကတော့ ယနေ့ ကျောင်းနေအရွယ်လူငယ်မောင်မယ်များအားလုံး အခြေခံပညာကို သင်ယူပြီးမြောက်ဖို့ပါပဲ။ ကျောင်းနေအရွယ် လူငယ်မောင်မယ်များအားလုံး အခြေခံပညာကို သင်ယူပြီးမြောက်အောင် သင်ယူဖို့အတွက် ကျောင်းနေအရွယ်မောင်မယ်များအားလုံး ကျောင်းနေမြဲရေးနဲ့ အတန်းလိုက် အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးကလည်း အရေးကြီးလှပါတယ်။ ဒါကြောင့် နိုင်ငံတော်ကလည်း ကျောင်းနေအရွယ်မောင်မယ်များအားလုံး ကျောင်းနေမြဲရေးနဲ့ အတန်းလိုက် အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးအတွက် ကျောင်းနေအရွယ်ကလေးများရဲ့ သင်ယူမှုအခွင့်အလမ်းကို အမြဲတစေ တိုးမြှင့်ဆောင်ရွက်ပေးနေတာပဲဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ အခြေခံပညာသင် ကျောင်းသား ကျောင်းသူများ သင်ယူရာမှာ လိုအပ်တဲ့ ကျောင်းသုံးစာအုပ်များနဲ့ စာရေးကိရိယာများကို အခမဲ့ဖြန့်ဝေပေးနေသလို ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာကြည့်တိုက်ကြေး စတဲ့ ကြေးတွေကိုလည်း အခမဲ့ကင်းလွတ်ခွင့်ပေးထားပါတယ်။ အဲဒါတွေအပြင် အခြေခံပညာသင် မူလတန်း ကျောင်းသား ကျောင်းသူတွေအတွက် ကျောင်းဝတ်စုံတွေကိုပါ ထောက်ပံ့ပေးထားပါတယ်။ အခြေခံပညာကျောင်းတွေကနေ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ငွေကြေးကောက်ခံခြင်းကို ပြင်းပြင်းထန်ထန် တားမြစ်ထားပါတယ်။ ဒါကြောင့် အခြေခံပညာသင်ကျောင်းသား ကျောင်းသူများကလည်း ဘယ်လိုငွေကြေးကိုမှ ပေးဆောင်စရာမလိုတော့ပါဘူး။ ဒီတော့ မိဘများအနေနဲ့ သားသမီးများရဲ့ ပညာသင်စရိတ် ဝန်ထုပ်ဝန်ပိုး မဖြစ်တော့ပါဘူး။

### လွယ်လင့်တကူသင်ယူနိုင်တဲ့ အခွင့်အလမ်းများရရှိ

ယနေ့ကာလမှာ အခြေခံပညာ မူလတန်းကျောင်းတွေကို တစ်ရွာတစ်ကျောင်းနီးပါး ဖွင့်လှစ်ပေးထားပြီး ဖြစ်ပါတယ်။ ဖွင့်လှစ်ပေးထားတဲ့ အခြေခံပညာမူလတန်းကျောင်းအချို့ကို မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်းအဆင့်အထိ တိုးမြှင့်ဖွင့်လှစ်ပေးပြန်ပါတယ်။ မိမိရပ်ရွာ ဒေသမှာရှိတဲ့ မူလတန်းကျောင်းမှာပဲ အလယ်တန်းပညာကို အလွယ်တကူ သင်ယူလို့ရတဲ့ အခွင့်အလမ်းရရှိနေပါပြီ။ ဒါ့ပြင်ဖွင့်လှစ်ပြီးသား အလယ်တန်းကျောင်းအချို့ကို အထက်တန်းကျောင်းခွဲအဆင့်၊ အထက်တန်းကျောင်းခွဲတွေကို အထက်တန်းကျောင်းအဆင့်အထိ တိုးမြှင့်ဖွင့်လှစ်ပေးနေတာကလည်း နှစ်စဉ်ပါပဲ။ ဒီတော့ အထက်တန်းပညာကို ဝေးဝေးလံလံသွားရောက်ပြီး သင်ယူစရာ မလိုတော့ပါဘူး။ မိမိနဲ့ မလှမ်းမကမ်း လက်တစ်ကမ်းမှာရှိနေတဲ့ အထက်တန်းကျောင်းခွဲတွေ၊ အထက်တန်းကျောင်းတွေမှာပဲ အထက်တန်းပညာကို လွယ်လင့်တကူသင်ယူနိုင်တဲ့ အခွင့်အလမ်းများ ရရှိနေပါပြီ။

ကျောင်းနေအရွယ် လူငယ်မောင်မယ်တွေအားလုံး ကျောင်းနေပျော်ဖို့ကလည်း အရေးကြီးလှပါတယ်။ ကျောင်းနေပျော်မှ ကျောင်းနေမြဲမှာပါပဲ။ ဒါကြောင့် ကျောင်းနဲ့ဝန်းကျင် သန့်ရှင်းသာယာလှပနေအောင် စီမံဆောင်ရွက်ပေးနေသလို ကျောင်းဥပမိရုပ်ကောင်းမွန်နေအောင်လည်း စီမံဆောင်ရွက်နေပါတယ်။ အခြေခံပညာသင်ကျောင်းသား ကျောင်းသူတွေကလည်း တစ်နှစ်ထက်နှစ် တိုးတက်များပြားလာပါတယ်။ ဒီတော့ တိုးတက်များပြားလာတဲ့ ကျောင်းသားကျောင်းသူတွေရဲ့ ဝင်ဆံ့အင်အားနဲ့ ညီမျှအောင် ကျောင်းဆောင်သစ်တွေကို တိုးချဲ့ဆောက်လုပ်ပေးနေသလို အခြေခံပညာသင် ဆရာဆရာမများကိုလည်း ဖြည့်ဆည်းခန့်အပ်ပေးနေပါတယ်။

အခြေခံပညာကျောင်းတွေအတွက် လိုအပ်တဲ့ စာရေးခုံနဲ့ ထိုင်ခုံများ၊ ပရိဘောဂပစ္စည်းများ၊ သိပ္ပံခန်းသုံးပစ္စည်းများ၊ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ၊ အားကစားသုံးပစ္စည်းများ၊ ကျောင်းစာကြည့်တိုက်နဲ့ စာအုပ်စာစောင်များ စတာတွေကိုလည်း ဖြည့်ဆည်းပေးနေတာပါပဲ။ ဒါတွေက ကျောင်းနေအရွယ် လူငယ်မောင်မယ်တွေအားလုံး အခြေခံပညာကို လွယ်လင့်တကူ သင်ယူပြီးမြောက်အောင် စီမံဆောင်ရွက်ပေးနေတာဖြစ်သလို ကျောင်းနေအရွယ် လူငယ်မောင်မယ်များရဲ့ မိဘများအနေနဲ့ သားသမီးတွေအတွက် ပညာသင်ယူစရိတ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရအောင် စီမံဆောင်ရွက်ပေးနေတာတွေပါပဲ။

အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာ သင်ယူခွင့်လက်လွတ်ဆုံးရှုံးရတဲ့ ကျောင်းအနေအရွယ်များနဲ့ ကျောင်းနေအရွယ်လွန်များ ကျန်ရှိနေနိုင်ပါတယ်။ အဲဒီလို ကျန်နေရတဲ့သူတွေကိုလည်း နိုင်ငံတော်က လက်ပိုက်ကြည့်မနေပါဘူး။ လျစ်လျူရှုမထားပါဘူး။ သူတို့တစ်တွေရဲ့ အခြေခံပညာသင်ယူမှု အခွင့်အလမ်းမဆုံးရှုံးရအောင် နိုင်ငံတော်အစိုးရက ပညာရေးဝန်ကြီးဌာနအောက်မှာ "ကျောင်းပြင်ပနဲ့ တစ်သက်တာ ပညာရေးဦးစီးဌာန" ဖွဲ့စည်းပေးပြီး စီမံဆောင်ရွက်နေပါတယ်။

> ❍ **အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာ သင်ယူခွင့် လက်လွတ်ဆုံးရှုံးရတဲ့ ကျောင်းအနေအရွယ်များနဲ့ ကျောင်းနေအရွယ်လွန်များ ကျန်ရှိနေနိုင်ပါတယ်။ အဲဒီလို ကျန်နေရတဲ့သူတွေကိုလည်း နိုင်ငံတော်က လက်ပိုက်ကြည့်မနေပါဘူး။ လျစ်လျူရှုမထားပါဘူး။ သူတို့တစ်တွေရဲ့ အခြေခံပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးရအောင် နိုင်ငံတော်အစိုးရက ပညာရေးဝန်ကြီးဌာနအောက်မှာ "ကျောင်းပြင်ပနဲ့ တစ်သက်တာ ပညာရေးဦးစီးဌာန" ဖွဲ့စည်းပေးပြီး စီမံဆောင်ရွက်နေပါတယ်**

### စာဖတ်ရှိန်မြင့်မားအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ကျောင်းပြင်ပနဲ့ တစ်သက်တာပညာရေးဦးစီးဌာနရဲ့ အဓိကလုပ်ငန်းစဉ်ကတော့ တစ်မျိုးသားလုံး ပညာရည်မြင့်မားစေရေးအတွက် စာမတတ်သူလုံးဝ ပပျောက်ရေးနဲ့ စာဖတ်ရှိန်မြင့်မားရေးပါပဲ။ အခြေခံပညာ မသင်ယူရသေးတဲ့ ကျောင်းအနေအရွယ် လူငယ်မောင်မယ်များ၊ အခြေခံပညာကို ဆုံးခန်းတိုင်မသင်ယူဘဲ ကျောင်းထွက်ကြရတဲ့သူများအတွက် အခြေခံပညာကို တန်းညှိအစီအစဉ်နဲ့ သင်ကြားလေ့ကျင့်ပေးနေသလို ကျောင်းနေအရွယ်လွန်များကိုတော့ စာမတတ်သူပပျောက်ရေး စီမံချက်နဲ့ အရေး၊ အဖတ်အတွက် တက်မြောက်အောင် သင်ကြားလေ့ကျင့်ပေးပြီး စာဖတ်ရှိန်မြင့်မားအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံတော်ကနေ ကျောင်းနေအရွယ် လူငယ်မောင်မယ်များအားလုံး အခြေခံပညာသင်ယူပြီးမြောက်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်များ အခြေခံပညာ သင်ယူခွင့်မရရှိတဲ့သူတွေကို ကျောင်းပြင်ပနဲ့ တစ်သက်တာပညာရေးဦးစီးဌာနက တစ်ဆင့် တန်းညှိပညာရေးအစီအစဉ်နဲ့ အခြေခံပညာသင်ယူပြီးမြောက်ရေး၊ စာမတတ်သူ လုံးဝပပျောက်ရေး၊ စာဖတ်ရှိန်မြင့်မားရေးတွေကို စီမံဆောင်ရွက်ပေးနေပါတယ်။ ဒီလိုစဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးနေတာကြောင့် ကျောင်းနေအရွယ် လူငယ်မောင်မယ်များရဲ့ အခြေခံပညာ သင်ယူပြီးမြောက်မှုနှုန်း တိုးတက်မြင့်မားလာသလို သက်ကြီးစာမတတ်သူဦးရေ လျော့ပါး၊ ကျဆင်း၊ ပပျောက်သွားမှာဖြစ်ပြီး တစ်မျိုးသားလုံးရဲ့ စာတတ်မြောက်မှုနှုန်း တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။ အရေးကြီးဆုံးကတော့ စာတတ်မြောက်ပြီးတဲ့သူများကို စာဖတ်တဲ့သူများဖြစ်လာအောင် အားပေးအားမြှောက်ပြုပေးကြဖို့ပါပဲ။

"အလိမ္မာ စာမှာရှိ" လို့ဆိုတဲ့ မြန်မာ့ဆိုရိုးစကား အတိုင်းပါပဲ။ စာထဲမှာ အလိမ္မာတွေရှိနေပါတယ်။ "အလိမ္မာ" ဆိုတာက "ကျွမ်းကျင်တတ်မြောက်ခြင်း၊ ယဉ်ကျေးစွာပြုမူဆက်ဆံတတ်ခြင်း" ပဲ ဖြစ်ပါတယ်။ ဒီတော့ စာထဲမှာရှိနေတာတွေက အတတ်ပညာတွေနဲ့ အသိပညာတွေပါပဲ။ စာထဲမှာရှိနေတဲ့ အတတ်ပညာတွေက အသက်မွေးဝမ်းကျောင်းပြုရာမှာ အသုံးဝင်ပါတယ်။ စာထဲမှာရှိနေတဲ့ အသိပညာတွေက လူမှုဆက်ဆံရေးနယ်ပယ်မှာ အသုံးဝင်ပါတယ်။ စာထဲမှာရှိနေတဲ့ အတတ်ပညာနဲ့ အသိပညာတွေက ဘဝအတွက် အင်မတန်မှ တန်ဖိုးရှိပါတယ်။ ဘဝအတွက် တန်ဖိုးရှိတဲ့ စာထဲက အတတ်ပညာနဲ့ အသိပညာတွေကို ရအောင်ယူကြရမှာ ဖြစ်ပါတယ်။ ယူမှလည်း ရမှာပါ။ မယူရင်တော့ မရပါဘူး။ ယူဖို့ကတော့ စာဖတ်ဖို့ပါပဲ။ စာဖတ်ရင် ယူလို့ရမယ်။ စာမဖတ်ရင်တော့ ယူလို့မရနိုင်ပါဘူး။

### ယဉ်ကျေးတာနဲ့ ရိုင်းစိုင်းတာ ကိုယ်တိုင်ခွဲခြားနိုင်

စာဖတ်မှ စာထဲမှာရှိနေတဲ့ အတတ်ပညာတွေနဲ့ အသိပညာတွေကို ရမှာဆိုတော့ စာဖတ်ရမှာပေါ့။ ဖတ်တာကလည်း တစ်ခါတစ်ရံဖတ်တာမျိုး မဟုတ်ပါဘူး။ အမြဲတမ်းဖတ်ရမှာပါ။ အမြဲတမ်းဖတ်ရမှာဆိုတော့ အမြဲတမ်းဖတ်ချင်နေဖို့ လိုပါတယ်။ အမြဲတမ်းဖတ်ချင်နေဖို့ကတော့ စာဖတ်တဲ့အလေ့ကို မွေ့လျော်နေဖို့ပါပဲ။ စာဖတ်တဲ့အလေ့ကို မွေ့လျော်နေဖို့အတွက် စာဖတ်တဲ့ အလေ့အကျင့်မွေးမြူပေးကြရမှာ ဖြစ်ပါတယ်။ စာဖတ်တဲ့ အလေ့အကျင့်ရအောင် စာဖတ်ရှိန် မြင့်ပေးနေရမှာပါပဲ။ စာဖတ်လို့ရလာတဲ့ အကျိုးဆက်တွေက အများကြီးပါပဲ။ စာဖတ်ရင်းက မသိသေးတာတွေကို သိလာတယ်။ ဒီတော့ အသိနိုးလာတယ်။ အသိတိုးလာတယ်။ အသိနိုး၊ အသိတိုးလာတော့ ကောင်းတာနဲ့ မကောင်းတာ၊ မှန်တာနဲ့ မှားတာ၊ ယဉ်ကျေးတာနဲ့ ရိုင်းစိုင်းတာ၊ လိမ္မာတာနဲ့ မိုက်မဲတာကို ကိုယ်တိုင်ခွဲခြားနိုင်တာပေါ့။

ခွဲခြားနိုင်တော့ ကောင်းတာနဲ့ မကောင်းတာကို သိတယ်။ မကောင်းတာတွေကို မလုပ်ဘူး။ ကောင်းတာတွေကို လုပ်တယ်။ စုပေါင်းဆောင်ရွက်တဲ့အခါမှာ ရေသာခိုမနေဘူး။ အများနဲ့အတူ တက်ညီလက်ညီ ဆောင်ရွက်တယ်။ တစ်ကိုယ်ကောင်းမဆန်ဘူး။ ထောက်ထားငဲ့ညှာ ကိုယ်ချင်းစာတယ်။ ရိုင်းပင်းကူညီတယ်။ အနိုင်မကျင့်ဘူး။ ရန်မလိုဘူး။ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနေတယ်။ မမှန်တာတွေကို မပြောဘူး။ မလိမ်ဘူး။ မညာဘူး။ ဟုတ်တိုင်းမှန်ရာကို ပြောတယ်။ ရိုင်းရိုင်းစိုင်းစိုင်းမပြောဘူး။ ချိုချိုသာသာပြောတယ်။ ရိုင်းရိုင်းစိုင်းစိုင်းမနေဘူး။ ယဉ်ယဉ်ကျေးကျေးနေတယ်။ မိုက်မဲတဲ့ အကျင့်စရိုက်ကို မကြိုက်ဘူး။ လိမ္မာတဲ့ အကျင့်စရိုက်ကိုပဲ ကြိုက်တယ်။ ဒီတော့အားလုံးက ထူးချွန်ထက်မြက်တဲ့ ယဉ်ကျေးလိမ္မာရတနာလေးတွေ ဖြစ်လာတာပေါ့။

*စာမျက်နှာ ၁၅ သို့*

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၇ ဦး အနက် ၁၈၂ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၉၇ ရာခိုင်နှုန်းရှိ

**(၈-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၈၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင် နှုန်းမှာ (၁.၉၇) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈၇) ဦးအနက် (၅) ဦး၊ (၂.၆၇) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၁၈၂) ဦး၊ (၉၇.၃၂) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**

**(၈–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၅) ဦး | (၂.၆၇) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၁၈၂) ဦး | (၉၇.၃၂) % |
| **စုစုပေါင်း** | **(၁၈၇) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၁၄,၂၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၆,၂၁၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၀၇၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၂) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှု များပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်–၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် –

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာ အသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာ နေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်–၁၉ ရောဂါ သံသယလက္ခဏာတစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူအားလုံးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ခြောက်လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

---

*စာမျက်နှာ ၁၄ မှ*

ဖတ်ရင်းမှာပဲ မှတ်သားစရာတွေကို တွေ့ရပြန်ရော။ တွေ့တဲ့မှတ်သားစရာတွေကို မှတ်သားထားတယ်။ ဒီတော့ဗဟုသုတ ကြွယ်ဝလာတယ်။ ဖတ်နေရင်းက စဉ်းစားစရာတွေပေါ်လာပြန်ရော။ ဒီတော့ စူးစမ်းပြန်တယ်။ စဉ်းစားပြန်တယ်။ စူးစမ်းစဉ်းစားတော့ အတွေးအမြင်တွေက ကျယ်ပြန့်လာတယ်။ ဆင်ခြင်တုံတရားရှိလာတယ်။ ဉာဏ်ရည်ဖွံ့ဖြိုးလာတယ်။ ဉာဏ်ရည်ဖွံ့ဖြိုးတော့ ဉာဏ်ရည်ထက်လာတယ်။ ဉာဏ်ရည်ထက်တဲ့သူက ကြုံတွေ့ရတဲ့အခက်အခဲကို မတုန်လှုပ်ဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ ဖြတ်သန်းကျော်လွှားနိုင်ပါတယ်။

ဗဟုသုတကြွယ်ဝတဲ့သူ၊ ဉာဏ်ရည်ထက်တဲ့သူက ထင်ရာမစိုင်းပါဘူး။ လက်လွတ်စပယ်မလုပ်ကိုင်ပါဘူး။ မပြောဆိုပါဘူး။ ချိန်ဆပြီးတော့မှ လုပ်ကိုင်တယ်။ ပြောဆိုတယ်။ ဒီတော့လုပ်ရာကိုင်ရာ၊ ပြောရာ ဆိုရာမှာ အမှားကင်းတာပေါ့။ ဒါ့ပြင် မိမိကိုယ်ကိုယ်လည်း ယုံကြည်မှုရှိလာတယ်။ ပျော့ညံ့တဲ့စိတ်တွေ ပျောက်ကွယ်သွားတယ်။ ရဲရင့် ကြံ့ခိုင်တဲ့စိတ်တွေ ရှင်သန်လာတယ်။ စိတ်ဓာတ်ခွန်အားရှိလာတယ်။ကိုယ့်ကိုယ်ကိုယ် မတိမ်းစောင်းအောင် ထိန်းကျောင်းနိုင်တယ်။ ကိုယ်ရည်ကိုယ်သွေး မြင့်လာတယ်။ ဒီတော့ ထူးချွန်ထက်မြက်တဲ့ လူကောင်းလူတော်၊ လူရည်မွန် လူရည်ချွန်တွေ ဖြစ်လာတာပေါ့။

**စာဖတ်ရှိန်မြင့်မားအောင် ဆောင်ရွက်ပေး**

ကျောင်းနေအရွယ်တွေ ကျောင်းနေတယ်ဆိုတာက ပညာသင်ယူဖို့ပါပဲ။ ပညာကို သင်ယူနေကြရတာပါ။ သင်ယူတယ်ဆိုတာက တစ်စုံတစ်ဦးဆီမှာ ရှိနေတဲ့ ပညာတွေ၊ တစ်စုံတစ်ရာဆီမှာ ရှိနေတဲ့ ပညာတွေကို ရပိုင်လာအောင် လေ့လာဆည်းပူးနေတာပဲ ဖြစ်ပါတယ်။ စာဖတ်တာက စာထဲမှာရှိနေတဲ့ အသိပညာတွေနဲ့ အတတ်ပညာတွေကို လေ့လာဆည်းပူးနေတာပါ။ ဒီတော့ စာဖတ်တာကလည်း သင်ယူနေတာပါပဲ။ စာဖတ်တာက သင်ယူမှုနည်းအမျိုးမျိုးထဲက သင်ယူနည်းတစ်မျိုးပဲ ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှာ ကျရောက်တဲ့ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ရဲ့ "Transforming Literacy Learning Places." ၊ “သင်ယူမှုဝန်းကျင်များ ချဲ့ထွင်သင်ယူကြပါစို့” ဆောင်ပုဒ်နဲ့အညီပါပဲ။ စာဖတ်တဲ့အလေ့အကျင့်ကို အလေ့အထဖြစ်တဲ့အထိ မွေးမြူပေးပြီး စာဖတ်ရှိန်မြင့်မားအောင် ဆောင်ရွက်ပေးနေခြင်းကလည်း သင်ယူမှုဝန်းကျင် ချဲ့ထွင်ပေးနေတာပဲ ဖြစ်ပါတယ်။

**နည်းပညာတွေကလည်း နေ့စဉ်နဲ့အမျှ တိုးတက်ဖွံ့ဖြိုးနေ**

မျက်မှောက်ကာလမှာရော အနာဂတ်ကာလမှာပါ လွှမ်းမိုးနေမှာကတော့ နည်းပညာတွေပါပဲ။ နည်းပညာတွေကလည်း နေ့စဉ်နဲ့အမျှ တိုးတက်ဖွံ့ဖြိုးနေပါတယ်။ မနေ့က နည်းပညာတွေထက် ယနေ့နည်းပညာတွေက သာလွန်နေသလို ယနေ့နည်းပညာတွေထက် မနက်ဖြန်တိုင်းရဲ့ နည်းပညာတွေက သာလွန်တိုးတက်ဖွံ့ဖြိုးနေမှာပဲဖြစ်ပါတယ်။ အမြဲတစေ တိုးတက်ဖွံ့ဖြိုးနေတဲ့ နည်းပညာတွေကို အမီလိုက်နိုင်ဖို့ကတော့ အစဉ်လေ့လာသင်ယူနေတဲ့ လူမှုအဖွဲ့အစည်းကြီး ဖြစ်တည်နေဖို့ပါပဲ။

အစဉ်လေ့လာသင်ယူနေတဲ့ လူမှုအဖွဲ့အစည်းကြီး ဖြစ်တည်နေဖို့ကတော့ အစဉ်လေ့လာသင်ယူနေသူတွေဖြစ်ဖို့ လိုပါတယ်။ အစဉ်လေ့လာသင်ယူနေသူတွေဖြစ်ဖို့အတွက် အစဉ်လေ့လာသင်ယူလိုစိတ် ထက်သန်နေဖို့ လိုပါတယ်။ အစဉ်လေ့လာသင်ယူလိုစိတ် ထက်သန်နေပြီး အစဉ်လေ့လာသင်ယူနေတဲ့ လူမှုအဖွဲ့အစည်း ဖြစ်ပေါ်လာဖို့အတွက် စာဖတ်တဲ့ အလေ့အကျင့်ကို အလေ့အထဖြစ်တဲ့အထိ မွေးမြူပေးကြရင်း စာဖတ်ရှိန်မြင့်မားအောင် စွမ်းဆောင်ကြပါစို့လို့ တိုက်တွန်းအပ်ပါတယ်။

---

## ရွှေတောင်မြို့နယ်၌ နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်သွားလာရေး ဆောင်ရွက်

**ရွှေတောင် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက် မြို့မစည်ပင်သာယာဈေးနှင့် ကြာနီကန်ရပ်ကွက် မြို့ဝင်တိုးဂိတ်အနီး ပူးပေါင်းစစ်ဆေးရေးဂိတ်တို့တွင် ယနေ့နံနက် ၈ နာရီမှစ၍ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်နိုင်ရေး၊ ဈေးရောင်းချသူများနှင့် ပြည်သူများ နေအိမ်မှပြင်ပသို့ ထွက်ခွာသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ကြရန်အတွက် နှာခေါင်းစည်းတပ်ဆင်သွားလာရေး လှုပ်ရှားမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ လှုပ်ရှားမှုပြုလုပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဈေးကော်မတီဝင်များစသည့် ပူးပေါင်းအဖွဲ့များမှ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များအပေါ် လိုက်နာကြရန်၊ ဈေးရောင်းချသူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျတပ်ဆင်၍ ဈေးရောင်းချရန်၊ ဈေးဝယ်သူများမှလည်း နှာခေါင်းစည်းတပ်ဆင်ပြီးမှ ဝယ်ယူကြစေရေးနှင့် ပြည်သူများအားလုံး နှာခေါင်းစည်း တပ်ဆင်ကြစေရေး လှုပ်ရှားမှုအဖြစ် နှာခေါင်းစည်းများကို ၁၀၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုမင်း (ပြန် /ဆက်)**

# တရုတ်-မြန်မာ ခရီးသွားလာရေးလုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၈**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်းပြည်နယ်ခွဲနှင့် မြန်မာနိုင်ငံအကြား ရှိရင်းစွဲခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်းပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်နှင့် တယ်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း(နေပြည်တော်) မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံး ညွှန်ကြားရေးမှူး Mr. Li Qigui တို့ နေပြည်တော်၌ စက်တင်ဘာ ၂ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံရာတွင် တရုတ်- မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးပွဲတော်များ ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများ ပူးပေါင်းဖွင့်လှစ်ရေး၊ ယူနန်ပြည်နယ် မန်စီမှ မန္တလေးနှင့် ရန်ကုန်သို့ ပျံသန်းခဲ့သည့် စင်းလုံးငှား လေယာဉ်ခရီးစဉ်များ ပြန်လည်စတင်နိုင်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေးနှင့် ဘာသာစကားသင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်ပခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုတိုးတက်ဝင်ရောက်လာစေရေးအတွက် ခရီးသွားဈေးကွက် ပိုမိုရရှိရန် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် တရုတ်ခရီးသွားဈေးကွက်သည် ကမ္ဘာ့ Outbound ခရီးသွားဈေးကွက်၏ မောင်းနှင်အားတစ်ခုအဖြစ် ရှိနေကြောင်း၊ ၂၀၁၉ ခုနှစ်က တရုတ်ခရီးသွား ၁၅၅ သန်းခန့် ကမ္ဘာတစ်ဝန်းသို့ သွားလာလည်ပတ်ခဲ့ပြီး အများဆုံး အနေအထားတွင် ရှိခဲ့ကြောင်းနှင့် ထိုနှစ်က မြန်မာနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည် ၁ ဒသမ ၄ သန်းကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုရိုး**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်နှင့် တယ်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြစဉ်။

## အာဆီယံ - ကနေဒါ လွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာ ကုန်သွယ်ရေးကော်မတီ အစည်းအဝေးပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၈**

အာဆီယံ- ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ ဝန်ဆောင်မှု ကုန်သွယ်ရေးကော်မတီအစည်းအဝေးကို စက်တင်ဘာ ၆ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ဆောင်မှုကုန်သွယ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ကနေဒါနိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ဝန်ဆောင်မှုကုန်သွယ်ရေးကော်မတီဆိုင်ရာ ကိုယ်စားလှယ်အဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ အရာထမ်း ကိုယ်စားလှယ် တစ်ဦး ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုဒေသတွင် ဝန်ဆောင်မှု ကုန်သွယ်ရေးနှင့် လူပုဂ္ဂိုလ်များ ယာယီရွှေ့ပြောင်းသွားလာမှုတို့နှင့်စပ်လျဉ်း၍ သဘောတူညီချက်တွင် ထည့်သွင်းရေးဆွဲမည့် outline များ၊ ချဉ်းကပ်မည့် နည်းလမ်းများ၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးမှ လမ်းညွှန်ချက်များနှင့် အစည်းအဝေးကြိမ်ရေ အချိန်ဇယားလျာထားမှုများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **သီရိ**

## ကုန်ပစ္စည်း သဘော်တင်ခ၊ ကုန်ပစ္စည်းစစ်ဆေးခနှင့် ကော်မရှင်ခများကို ပို့ကုန်ရငွေ ၃၅ ရာခိုင်နှုန်းမှသာ ကိုယ်ပိုင်အစီအစဉ်ဖြင့် သုံးစွဲရမည်

**မန္တလေး စက်တင်ဘာ ၈**

ပို့ကုန်တင်ပို့သူများအနေဖြင့် ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် ကုန်ကျလျက်ရှိသည့် ကုန်ပစ္စည်းသဘော်တင်ခ၊ ကုန်ပစ္စည်းစစ်ဆေးခနှင့် ကော်မရှင်ခများကို ပို့ကုန်ရငွေ ၃၅ ရာခိုင်နှုန်းမှသာ ကိုယ်ပိုင်အစီအစဉ်ဖြင့် သုံးစွဲစေရန်နှင့် နိုင်ငံခြား သုံးငွေကြီးကြပ်မှုကော်မတီ(FESC) အစည်းအဝေးသို့ တင်ပြတောင်းခံခြင်းမပြုရန် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၃/၂၀၂၂)မှ ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ မန္တလေးတိုင်းဒေသကြီး ကုန်သည်စက်မှုအသင်းမှ အသင်းသား အသင်းသူများအနေဖြင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ အစည်းအဝေး၏ လမ်းညွှန်ချက်ကို တိကျစွာ လိုက်နာဆောင်ရွက်သွားနိုင်ပါရန် အသင်းက ထပ်ဆင့်အသိပေးအကြောင်းကြားထားကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်စက်မှုအသင်းမှ သိရသည်။ **ကိုရိုး**

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၇ ရက်က နေပြည်တော်ရှိ အဆိုပါ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။

သင်တန်းဆင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ်က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် ပြည်ပပို့ကုန် မြှင့်တင်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များ၊ ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်နေရသဖြင့် ယခုလိုသင်တန်းမှာ မိမိတို့ဌာနအတွက် အကျိုးရှိကြောင်း၊ ဦးစီးဌာနများ၌ လက်တွေ့ဆောင်ရွက်လျက်ရှိသည့် သိသင့်သိထိုက်သော ဘာသာရပ်များကို သင်တန်းသားများအား ရွေးချယ်ပို့ချပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် နေပြည်တော်နှင့် ပြည်နယ်/တိုင်း ဒေသကြီးများမှ သင်တန်းသား သင်တန်းသူ ၃၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ နှစ်ပတ်ကြာ ပို့ချပေးခဲ့ကြောင်း သိရသည်။ **သီရိ**

## တစ်ပတ်အတွင်း ဆန်၊ ဆီနှင့် အခြေခံစားကုန်ဈေးကွက်

**စက်တင်ဘာ ၁ ရက်မှ ၇ ရက်အတွင်း ရန်ကုန်ကုန်စည်ဈေးကွက်တွင် စားအုန်းဆီအထိုင်ရည်ညွှန်းဈေး တက်လာသော်လည်း ပြင်ပဆီဈေးကွက် လက်ငင်းအလှယ် လက်ကားဈေးမှာ အကျကြမ်းလာသည်။ ကြက်သွန်နီနှင့် ကြူကုတ်ကြက်သွန်ဖြူများလည်း ဈေးပြန်လည် ကျဆင်းလာသည်။ ရှမ်းအာလူး အဝင်နည်းပြီး တရုတ်အာလူးများသာ အဝင်များသလို ဈေးတက်လာသည်။ ရေုတ်၊ ထန်းလျက်နှင့် မန်ကျည်းတို့လည်း ဈေးမြင့်လာသည်။**

**ဆန်**

၂၀၂၂ မိုးစိုက် မိုးစပါးကြမ်းအသစ်များ ဈေးကွက်သို့ စတင်ဝင်ရောက်စပြုလာသည့်အတွက် ယခုအပတ်အတွင်း ဆန်ဈေးနှုန်းများသည် ဈေးနှုန်းအမြင့်တွင် ငြိမ်နေဆဲဖြစ်သည်။ စက်တင်ဘာ ၇ ရက် ရန်ကုန်ဆန်ဈေးကွက်တွင် ပေါ်ဆန်း ဆန်ချော လက်ကားတစ်အိတ် ဈေးနှုန်းများမှာ ရွှေဘို ကျပ် ၈၅၀၀၀-၉၁၀၀၀၊ ပုသိမ်မြောင်းမြ ကျပ် ၆၈၀၀၀-၇၀၀၀၀၊ ဖျာပုံ ကျပ် ၆၅၀၀၀-၆၈၀၀၀၊ ပေါ်ကွဲ ကျပ် ၅၂၀၀၀-၅၄၀၀၀ ဖြစ်ပြီး ဆန်ကြမ်း ဈေးနှုန်းများမှာ ရက် ၉၀ ရှယ် ကျပ် ၄၉၀၀၀-၅၀၀၀၀၊ သီးထပ် ကျပ် ၄၂၀၀၀-၄၃၀၀၀ နှုန်း ရှိနေသည်။

**စားအုန်းဆီ**

စက်တင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေး စားအုန်းဆီ တစ်ပိဿာ ကျပ် ၅၂၂၀ ရှိလာရာ ယခင်အပတ်ထက် တစ်ပိဿာလျှင် ကျပ် ၃၁၀ ဈေးတက်လာသည်။ သို့သော် ရန်ကုန်ပြင်ပဆီဈေးကွက်တွင် လက်ကားအလှယ် လက်ငင်းကန်ဆီပီပါဈေးမှာ စက်တင် ဘာ ၁ ရက်က တစ်ပိဿာ ကျပ် ၉၇၀၀ နှုန်းရှိရာမှ ၇ ရက်တွင် ကျပ် ၉၁၀၀/၉၂၀၀ နှုန်းသို့ အကျကြမ်းလာသည်။ သို့သော် ပုံးဆီများ အရောင်းအဝယ်များနေ၍ ကန်ဆီဈေးကျနေသော်လည်း ဝယ်လိုအားထက် ရောင်းလိုအားက များနေသည်ဟု ညောင်ပင်လေးဈေးမှ သိရသည်။ ဘုရင့်နောင်တွင်မူ ဝယ်အားရှိသလောက် ဝယ်မရဟု ကုန်ပို့အဝယ်တော်တစ်ဦးက ဆိုသည်။

**ကြက်သွန်နီ/ ကြက်သွန်ဖြူ**

စက်တင်ဘာ ၂ ရက်တွင် ပြည်တွင်းကြက်သွန်ဈေးကွက်၏ အမြင့်ဆုံးဈေးနှုန်းအဖြစ် ဆိပ်ဖြူ ကျပ် ၂၇၅၀- ၃၆၀၀ နှုန်းနှင့် မုံရွာ ကျပ် ၃၀၀၀- ၃၈၅၀ နှုန်းဖြင့် စံချိန်သစ်တင်ခဲ့သည်။ သို့သော် ကြက်သွန် ပိဿာချိန်နှစ်သိန်းဝန်းကျင် ဝင်ရောက်လာသော စက်တင်ဘာ ၅ ရက်တွင် တစ်ပိဿာလျှင် ကျပ် ၁၅၀ မှ ၃၀၀ အထိ ဈေးလျှော့လာရာ စက်တင်ဘာ ၇ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ လက်ကား တစ်ပိဿာလျှင် ကျပ် ၂၇၅၀- ၃၅၀၀ နှင့် မုံရွာကြက်သွန်နီ ကျပ် ၃၀၀၀-၃၇၀၀ ခန့် ရှိသည်။

ရှမ်းအောင်ပန်းကြက်သွန်ဖြူ လက်ကား တစ်ပိဿာလျှင် ကျပ် ၂၈၀၀- ၄၂၀၀ နှုန်းရှိပြီး ကြူကုတ်ကြက်သွန်ဖြူမှာ စက်တင်ဘာ ၂ ရက်က တစ်ပိဿာ ကျပ် ၄၉၀၀ နှုန်းရှိခဲ့ရာမှ စက်တင်ဘာ ၇ ရက်တွင် ကျပ် ၄၂၀၀ နှုန်းသို့ ဈေးကျလာသည်။

**အာလူး**

ရှမ်းအာလူး အနည်းငယ်သာဝင်ပြီး တရုတ်အာလူးများသာအဝင်များသလိုဈေးလည်းတက်လာသည်။ ယခင်ရက်များတွင် တရုတ်အာလူး လက်ကားတစ်ပိဿာ ကျပ် ၁၉၅၀-၂၀၀၀ ရှိရာမှ စက်တင်ဘာ ၇ ရက်တွင် ကျပ် ၂၁၀၀-၂၁၅၀ နှုန်းသို့ ဈေးနှုန်းမြင့်တက်လာသည်။ ရှမ်းအောင်ပန်းအာလူးမှာ အမျိုးအစားအလိုက် တစ်ပိဿာလျှင် ကျပ် ၁၃၅၀ မှ ၂၁၅၀ နှုန်းရှိသည်။

**မတ်ပဲနှင့် ပဲစင်းငုံနီ**

စက်တင်ဘာ ၇ ရက် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ FAQ/RC တစ်တန် ကျပ် ၁၉၉၀၀၀၀၊ SQ/RC တစ်တန်ကျပ် ၂၃၀၀၀၀၀၊ ပဲစင်းငုံနီ Red/ RC တစ်တန် ကျပ် ၂၀၇၅၀၀၀ နှုန်း အသီးသီးရှိသည်။

**ကိုရိုး**

## မြန်မာ(လားရှိုး)- တရုတ်(လင်ချန်း)နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေး

တတိယအကြိမ် “မြန်မာ(လားရှိုး)- တရုတ်(လင်ချန်း)နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲ” ကျင်းပရန် ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာ- တရုတ် နှစ်နိုင်ငံ နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲများကို မြန်မာနိုင်ငံ လားရှိုးမြို့နှင့် တရုတ်နိုင်ငံ လင်ချန်းမြို့တို့၌ နှစ်စဉ်အလှည့်ကျ ကျင်းပနိုင်ရေး လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီမှုစာချွန်လွှာအရ ပထမအကြိမ်နှင့် ဒုတိယအကြိမ်ပြပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုတတိယအကြိမ် ကျင်းပမည့် “မြန်မာ(လားရှိုး)- တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့်ကုန်စည်ပြပွဲ”ကို မြန်မာနိုင်ငံက ဦးဆောင်၍ အွန်လိုင်းဖြင့် အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ကြောင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကုန်စည်ပြပွဲကျင်းပနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ညွှန်ကြားရေးမှူးက Myanmar Online Expo Park တွင် ကုန်စည်ပြပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **သီရိ**

## နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စိုက်ပျိုးရေးထွက်ကုန်နှင့် အင်ကြင်းကျောက်များ တင်ပို့

ကချင်ပြည်နယ်၌ လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အတွင်း တစ်သျှူးငှက်ပျော၊ ဆန်၊ နှမ်းနက်၊ ပဲတီစိမ်းနှင့် အင်ကြင်းကျောက်များ တင်ပို့ခဲ့ကြောင်း သိရသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၂၂၅၃၈၅ ဒသမ ၀၂ ကန်ဒေါ်လာဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၂၉၁၆၆ ဒသမ ၆၇ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၅၁၇၀၅၁ ဒသမ ၆၉ ကန်ဒေါ်လာရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့် စက်ပစ္စည်းများ၊ ချည်ထည်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ အပ်ချည်ကြိုးများ၊ ဓာတ်မြေသြဇာများ၊ လယ်ထွန်စက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆပ်ပြာ၊ စက်ဘီးအပိုပစ္စည်းများနှင့် သံပိုက်များဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၀၁၁၀၅၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၈၁၁၅၈ ဒသမ ၆ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၃၈၉၂၆၃ ဒသမ ၆ ရှိခဲ့ကြောင်း မနော်မြေကုန်သွယ်မှုဗဟိုဌာနမှ သိရသည်။ **ကိုရိုး**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကြံစိုက်ခင်းများ အစောပိုင်းရိတ်သိမ်းလျက်ရှိ

**ဒါကာ စက်တင်ဘာ ၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာဈေးကွက်၌ စီးပွားရေးအရ အရေးပါ၍ နှစ်ရှည်သီးနှံပင်တစ်မျိုးဖြစ်သော ကြံစိုက်ခင်းများကို အစောပိုင်းရိတ်သိမ်းမှုများဖြင့် ဒေသအချို့ရှိ တောင်သူများ အလုပ်များပြားနေကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကြံရိတ်သိမ်းရာသီသည် များသောအားဖြင့် စက်တင်ဘာလမှ မတ်လအထိ ဖြစ်ကြောင်း သိရသည်။



## တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ဆိုင်ရာ အသွားအလာကန့်သတ်ချက်များ ပြန်လည်ချမှတ်

**ပေကျင်း စက်တင်ဘာ ၈**

တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကြောင့် အသွားအလာကန့်သတ်ချက်များ ပြန်လည်ချမှတ်ထားကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ ရှန်ကျန်းနှင့် ဒါလျန်းစသည့် အဓိကဆိပ်ကမ်းမြို့ကြီးများရှိ လူနေရပ်ကွက်များတွင် ယခုသီတင်းပတ်အတွင်း လော့ခ်ဒေါင်း သတ်မှတ်ချက်များ ပြန်လည်ချမှတ်ခဲ့ပြီး တီယန်ကျင်းအပါအဝင် အခြားအရေးပါသော ပင်လယ်ရေကြောင်း ဝင်/ထွက်ပေါက်များတွင်လည်း ကိုဗစ်စစ်ဆေးမှု အများအပြား ဆောင်ရွက်နေကြောင်း သိရသည်။

တရုတ်နိုင်ငံအစိုးရအနေဖြင့် zero-covid policy ဖြင့် ကိုဗစ်ရောဂါထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိသော်လည်း လွန်ခဲ့သည့် သီတင်းနှစ်ပတ်အတွင်း ကိုဗစ်ကူးစက်မှုများ ပိုမိုကျယ်ပြန့်လာရာ တစ်မြို့လုံး အသွားအလာ ကန့်သတ်ချက်ချမှတ်ခြင်းထက် ရောဂါကူးစက်မှုဖြစ်ပွားသည့် ရပ်ကွက်အလိုက် အသွားအလာကန့်သတ်၍ မတူညီသည့်ပုံစံဖြင့် ဆောင်ရွက်နေကြောင်း၊ ကွာရန်တင်းဝင်ချိန်ကိုလည်း ပြီးခဲ့သည့် ဇွန်လ လယ်ကတည်းက လျှော့ချထားကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ လက်ရှိဖြစ်ပွားလျက်ရှိသည့် ကိုဗစ်ကူးစက်မှုများသည် အိုမီခရွန်မျိုးကွဲသစ် BF.15 ကြောင့် အဓိကဖြစ်ကြောင်း၊ အဆိုပါ ဗိုင်းရပ်စ်မျိုးကွဲသည် ကူးစက်မှု ပို၍ မြန်ဆန်ပြီး ခြေရာခံရန် ပိုမိုခက်ခဲကြောင်း ရှန်ကျန်းမြို့၏ သက်ဆိုင်ရာအရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံ၌ ကိုဗစ်လော့ခ်ဒေါင်းများ ပြန်လည်ချမှတ်ခဲ့ပြီး ကိုဗစ်ဆိုင်ရာ တင်းကျပ်သည့်မူဝါဒများကြောင့် တရုတ်နိုင်ငံရှိ ဥရောပကုမ္ပဏီများ၏ သုံးပုံတစ်ပုံနီးပါးသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တရုတ်နိုင်ငံပြင်ပသို့ ပြောင်းရွှေ့ရန် စဉ်းစားနေကြသည်ဟု တရုတ်နိုင်ငံရှိ အီးယူကုန်သည်အသင်းမှ ဇွန်လတွင် ထုတ်ပြန်သည့် စစ်တမ်းတစ်ရပ်က ဆိုသည်။

အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံသူများကလည်း တရုတ်နိုင်ငံ၏ တင်းကျပ်သော ကိုဗစ်-၁၉ မူဝါဒများကြောင့် ၎င်းတို့၏ လုပ်ငန်းများကို အလားတူ ရွှေ့ပြောင်းလိုသည့် သဘောထားရှိနေကြကြောင်း တရုတ်နိုင်ငံရှိ အမေရိကန်ကုန်သည်အသင်းနှင့် ဗြိတိန်ကုန်သည်အသင်းတို့၏ အစီရင်ခံစာများအရ သိရသည်။

## ဗီယက်နမ်၌ စီးပွားရေးလုပ်ငန်းများ ဒစ်ဂျစ်တယ်စနစ်သို့ကူးပြောင်းရန် ဝန်ကြီးဌာန ကူညီမည်



ဗီယက်နမ်နိုင်ငံရှိပြည်နယ်လူထုကော်မတီနှင့် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနတို့သည် Binh Duong ပြည်နယ်ရှိ များစွာသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းမှုတွင် ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ လူထုကော်မတီ ဒုတိယဥက္ကဋ္ဌ၏ ပြောကြားချက်အရ Binh Duong ပြည်နယ်တွင် စီးပွားရေးလုပ်ငန်း ၅၇၀၀၀ ကျော်ရှိပြီး ၎င်းတို့အထဲမှ ၉၇ ရာခိုင်နှုန်းမှာ SME လုပ်ငန်းများဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားစဉ် SME လုပ်ငန်းပေါင်း ၉၀ ရာခိုင်နှုန်းကျော်သည် ဆိုးရွားစွာ ထိခိုက်ခဲ့ကြောင်း၊ ၎င်းတို့၏ လုပ်ငန်းလုပ်ဆောင်မှုများကို ပြောင်းလဲရန် ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းသည့် နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ လိုအပ်နေကြောင်း သိရသည်။

ယခုအချိန်သည် SME လုပ်ငန်းများ၏ စီမံအုပ်ချုပ်မှုများတွင် နည်းပညာအသုံးချရန်နှင့် ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းရမည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်ပြီး အဆိုပါ ကူးပြောင်းမှုတွင် ဖြစ်ပေါ်လာသည့် အခက်အခဲ၊ အတားအဆီးများကို ကျော်လွှားနိုင်ရန်အတွက် သက်ဆိုင်ရာမူဝါဒများကို လျင်မြန်စွာ ချမှတ်ပေးသွားရန် လိုအပ်သလို SME လုပ်ငန်းများ၌ နည်းပညာပြောင်းလဲမှုကို ပြုလုပ်ရမည်ဟု ကျွမ်းကျင်သူများက ပြောကြားထားသည်။

SME များအနေဖြင့် ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်းကို လက်ခံယုံကြည်လာရန် ဆွဲဆောင်စည်းရုံးရမည်ဖြစ်ပြီး ပြည်နယ်အုပ်ချုပ်ရေးအနေဖြင့် SME လုပ်ငန်းများ ဆန်းသစ်တီထွင်နိုင်ရန်နှင့် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ဆုံးရှုံးနစ်နာမှုများမှ ကြိုတင်ရှောင်ရှားနိုင်ရန်အတွက် ကူညီပံ့ပိုးပေးရန် ဥပဒေမူဘောင်တစ်ခုကို ဖန်တီးပေးရမည်ဟု ဗီယက်နမ်နိုင်ငံ လူထုကော်မတီ၏ ဒုတိယဥက္ကဋ္ဌက ပြောကြားသည်။

SME စီးပွားရေးလုပ်ငန်းများကို တွန်းအားပေးပြီး ၎င်းတို့အနေဖြင့် နည်းပညာအသစ်များကို အသုံးချရန် အခြေအနေများ ဖန်တီးပေးသော မူဝါဒများနှင့် အထူးသဖြင့် ဥပဒေရေးရာအခက်အခဲ၊အတားအဆီးများကို ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည့် နည်းပညာများကို ခွင့်ပြုပေးရမည်ဟု ကျွမ်းကျင်သူများက ပြောကြားထားသည်။

Binh Duong ပြည်နယ်အနေဖြင့် နည်းပညာကုမ္ပဏီကြီးများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အားပေးမြှင့်တင်ရန် လိုအပ်ပြီး လူမှုအသိုက်အဝန်းအတွင်း ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်းနှင့် ဒစ်ဂျစ်တယ်နည်းပညာများ၏ အကျိုးကျေးဇူးများကို သိရှိရန် အသိပညာပေးလုပ်ငန်းများ မြှင့်တင်လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ထို့ပြင် SME စီးပွားရေးလုပ်ငန်းများ၏ ဆုံးရှုံးနိုင်ခြေများကို လျှော့ချရေး အကူအညီပေးရန် ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်းအတွက် အခြေခံစံနှုန်းများကို ချမှတ်ရမည်ဟုလည်း ကျွမ်းကျင်သူများက မှတ်ချက်ပြုထားသည်။

Binh Duong ပြည်နယ်မှ SME များအတွက် ထောက်ပံ့မှုကွင်းဆက် ချိတ်ဆက်မှုများ တိုးတက်လာရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID)သည် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနနှင့်အတူ USAID Linkages for Small and Medium Enterprises အမည်ရှိ အစီအစဉ်တစ်ခုကို နီးကပ်စွာ ပါဝင်အကောင်အထည်ဖော်လျက်ရှိသည်။

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ၏ အစီအစဉ်သည် ဗီယက်နမ် SME လုပ်ငန်းများနှင့် ဗီယက်နမ်နိုင်ငံရှိ ဦးဆောင်ကုမ္ပဏီကြီးများအကြား Supplier-Buyer ဆက်သွယ်ဆောင်ရွက်မှုများကို ပံ့ပိုးကူညီပေးရန်၊ ကုန်ထုတ်လုပ်မှု ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်တွင် ပါဝင်ဖြည့်ဆည်းနိုင်ရန်နှင့် ဗီယက်နမ် SME လုပ်ငန်းများ၏ စွမ်းဆောင်ရည်များချဲ့ထွင်ရန်အတွက် ဗီယက်နမ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၊ ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုစင်တာများနှင့် SME လုပ်ငန်းများ မြှင့်တင်ရေးအေဂျင်စီများကဲ့သို့သော ကြားခံအဖွဲ့အစည်းများ၏ လုပ်ဆောင်နိုင်စွမ်းများကို အားပေးမြှင့်တင်ခြင်းများ ဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။

Binh Duong ပြည်နယ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၄၀၃ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှု တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံရှိကြောင်း သိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။

**ခင်ရတနာ စုစည်းဖော်ပြသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၁၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၆၀ | ၂၃၄၀ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၁၀ | ၃၁၆၀ |
| 95 Ron | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၅၅ | ၂၄၈၀ | ၂၄၆၅ | ၂၄၄၅ | ၂၅၃၅ | ၂၅၅၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၉၅ | ၂၇၁၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၉၈၅ | ၃၀၃၅ | ၃၀၃၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၅၅ | ၃၀၅၀ | ၃၀၂၀ | ၃၁၃၅ | ၃၁၃၀ | ၃၀၂၅ | ၃၀၃၅ | ၃၀၇၀ | ၃၀၇၀ | ၃၀၇၀ | ၃၂၉၀ | ၃၈၈၀ |
| HSD (50 ppm) | ၃၀၇၀ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၁၅ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၁၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၁၅ |
| HSD (10 ppm) | ၃၀၇၀ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၁၅ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၁၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၀၁ | ၂၂၇၈ |
| 95 Ron | ၂၃၀၁ | ၂၃၈၁ |
| HSD (500 ppm) | ၂၈၆၂ | ၂၉၄၉ |
| HSD (50 ppm) | ၂၉၄၂ | ၃၀၃၁ |
| HSD (10 ppm) | ၂၉၄၂ | ၃၀၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## နေပြည်တော်ကောင်စီနယ်မြေအတွင်း စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၅၅၀၀ ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချ

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စားသုံးသူပြည်သူများ စားသုံးဆီကို သက်သာသည့်ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဖြင့် နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ပြည်ထောင်စုနယ်မြေအတွင်းရှိ အမှန်တကယ်စားသုံးမည့် ကျေးရွာ၊ ရပ်ကွက်များရှိ ပြည်သူများထံ ဈေးကားများဖြင့် လက်ဝယ်အရောက် သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းချုပ်က ပြည်နယ်နဲ့တိုင်းဒေသကြီးတွေကို ရည်ညွှန်းဈေးနှုန်းနဲ့ စားသုံးဆီတွေကို ခွဲဝေပေးတဲ့အခါ နေပြည်တော်အတွက် ရရှိတဲ့စားသုံးဆီတွေကို နေပြည်တော်မှာရှိတဲ့ နယ်မြေခံရာသက်ပန်အသင်းဝင် လက်လီလက်ကား ကုန်သည်တွေကနေတစ်ဆင့် စားသုံးသူပြည်သူတွေထံ သက်သာတဲ့ ဈေးနှုန်းနဲ့ရောင်းချပေးနေတာ ဖြစ်ပါတယ်၊ ဒီနေ့မှာ ရွှေကြာပင်ရပ်ကွက်မှာရှိတဲ့ စားသုံးသူပြည်သူတွေအတွက် ပိဿာချိန် ၁၃၂၀ ကို ၅၅၀၀ ကျပ်နှုန်းနဲ့ လက်ဝယ်အရောက်ရောင်းချပေးတာ ဖြစ်ပါတယ်" ဟု နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ကိုထက်က ပြောသည်။

ထိုသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်သူများထံ သက်သာသောဈေးနှုန်းဖြင့် လက်ဝယ်အရောက် ရောင်းချနေမှုကို နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ရဲမှူးကြီးကိုကိုလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အနေဖြင့် ယခင်က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးများတွင် သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများကို အလှည့်ကျ ရောင်းချပေးခဲ့သော်လည်း အမှန်တကယ်စားသုံးသည့် ပြည်သူများထံ တိုက်ရိုက်မရောက်ရှိသည့်အတွက် ယခုကဲ့သို့ ရပ်ကွက်၊ ကျေးရွာများသို့ ဈေးကားများဖြင့် လက်ဝယ်အရောက် တိုက်ရိုက်လာရောက် ရောင်းချပေးခြင်းဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျန်ရှိသည့် ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်များ၊ ကျေးရွာများကိုလည်း သက်သာသော ဈေးနှုန်းဖြင့် ထပ်မံလှည့်လည် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒေါပုံမြို့နယ် ယမုံနာ (၁) ရပ်ကွက် မြို့မလမ်း အာသောကာရာမ ကျောင်းတိုက်၌ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဦးစီး၍ မြို့ရဲစခန်းမှူး ဒုရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်စဉ်။

မြန်မာ့အလင်း

## ကျုံပျော်၌ စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကျုံပျော် စက်တင်ဘာ ၈**

ပြည်သူများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေမှန်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သိရှိစေရန်အတွက် စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျွန်းအင်းအုပ်စု ပိုးကရင်နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ စက်တင်ဘာ ၆ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးသိန်းစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပါဝင်သည့် စစ်ကြောင်းကြီး ငါးကြောင်းက ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လက်ရှိ နိုင်ငံရေး အခြေအနေမှန်များ၊ ကျန်းမာရေးကိစ္စရပ်များနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးခြင်းဖြစ်သည်။

ထို့နောက် အိမ်ထောင်စုဇယား ပုံစံ(၆၆/၆)များကို အိမ်ထောင်စုပေါင်း ၅၀ ထံ ပေးအပ်ပြီး စာဖြူစုကျေးရွာရှိ အိမ်ခြေ ၃၀ သို့ ကွင်းဆင်းကာ အိမ်ထောင်စုဇယား ရှိ/မရှိနှင့် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်သည်။

အဆိုပါ စစ်ကြောင်းကြီး ငါးကြောင်းတွင် အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ စည်းရုံးရေးစသည့် စစ်ကြောင်းများ ပါဝင်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ပြည်သူ့စကားသံနှင့် တင်ပြလာမှုများအပေါ် အကူအညီပေးနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲသို့ ဒေသခံပြည်သူ ၂၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**လပြည့်ဦး(ပြန်/ဆက်)**



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက်က လက်ပံတန်းမြို့ မြို့မရပ်ကွက် လမ်းမတော်လမ်းရှိ မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦး၊ ဒုတိယမြို့နယ်မှူး ဒုတိယရဲမှူးသန့်ဇော်ဦး၊ မြို့မစခန်းမှူး ဒုတိယရဲမှူး မိုးခိုင်နှင့် တပ်ဖွဲ့ဝင် ၃၃ ဦးတို့ဖြင့် ဆေးရုံအတွင်းအပြင်ကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၈**

တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နှင့် မိုင်းရယ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၊ မုံရွာမြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပြင်ဦးလွင်မြို့၊ ကျောက်ဆည်မြို့၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၊ ပခုက္ကူမြို့တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော် စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွပ်ဘူးများ စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘက်စုံသုံး ဆပ်ပြာဆီပြုလုပ်နည်းသင်တန်း သီပေါမြို့၌ လက်တွေ့ပြသ

**သီပေါ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ အိမ်ရှင်မများ သက်သာချောင်ချိရေးကို ရှေးရှုလျက် ဘက်စုံသုံး ဆပ်ပြာဆီပြုလုပ်နည်း သင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှူး ဒေါ်ခင်နီလာစိုးက သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆပ်ပြာဆီဖော်စပ်မည့် ပစ္စည်းများ၏ အကျိုးအာနိသင်နှင့် ဘေးထွက်ဆိုးကျိုးများအကြောင်းကို ရှင်းလင်း ပြောကြားပြီး ဘက်စုံဆပ်ပြာဆီ ပြုလုပ်ပုံ ပြုလုပ်နည်း အဆင့်ဆင့် ကို လက်တွေ့ပြသရာ သင်တန်းသား များက စိတ်ပါဝင်စားစွာ လေ့လာ ကြည့်ရှုသည်။

အဆိုပါ ဘက်စုံသုံး ဆပ်ပြာဆီ သင်တန်းသို့ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ဖွဲ့စည်းထားသော အသင်းများ ပူးပေါင်း၍ စာဖတ်ဝိုင်း ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲ၊ ကွန်ပျူတာ အခြေခံသင်တန်းနှင့် အိမ်တွင်းမှု သင်တန်းများ ကို စဉ်ဆက်မပြတ် ပြုလုပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၉ - ၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၈၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၁၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၁၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၁၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၉၉၅ ကျပ် | ၃၀၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၀၈၀ ကျပ် | ၃၁၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၁၅ ကျပ် | ၂၄၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၂၀ ကျပ် | ၂၅၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ယူရို | တစ်ယူရို | ကျပ် ၂၁၀၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၉၄ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၇ . ၇၀၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၆၀ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၆ . ၅၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၁ . ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၃၅၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၃၉၀၈ | ၄၁၀၃၄၀၀၀ |
| MTSH | ၃၅၅၀ | ၃၇၅၀ | ၉၄၀၉ | ၃၅၄၈၀၁၅၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၈၅ | ၆၇၉၉၀၀ |
| FPB | ၂၄၀၀၀ | ၂၄၀၀၀ | ၁၆ | ၃၈၄၀၀၀ |
| TMH | ၂၆၅၀ | ၂၈၀၀ | ၃၀၂၇ | ၈၄၃၀၁၅၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၃၉၀ | ၁၁၃၁၀၀၀ |
| AHP | ၅၂၀၀ | ၅၄၀၀ | ၆၉၁ | ၃၇၀၁၀၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၉-၂၀၂၂ သောကြာနေ့

**MRTV HD**

- **၀၆:၀၀** ပေဌ္ဌာသုတ်၊ ရတနသုတ်၊ တောချုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** 'ဂရုစပွဲအခါတော်နေ့' တရားတော်
- **၀၉:၁၀** နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း
- **၀၉:၂၀** မျက်မှောက်ရေးရာအဖြာဖြာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
- **၁၁:၃၀** Soccer View
- **၁၃:၃၀** MRTV National News
- **၁၄:၄၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၂၇)
- **၁၆:၃၅** လူငယ်ရေးရာအစီအစဉ်
- **၁၇:၁၀** ASEAN Information Exchange Initiative 2022(Part-7)
- **၁၇:၃၀** Weekly Sports Info
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သုတဝေဖြာ သီရိဂေဟာ
- **၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **'အချစ်ရဲ့ အိပ်မက်တန်ဖိုး'** (အပိုင်း-၁၆)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြု **'တူယှဉ်နွှဲပျော်ဂီတပွဲတော် Season-2'** တေးသီချင်းဆိုပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (အုပ်စု-က)(ပွဲစဉ်-၂)

**mitv**

- **07:02** Evergreen Classic: Migadawon (Tekkatho Lei Lei)
- **07:10** Gardener of Royal Thazin Floral
- **07:30** Manuha Temple Festivities
- **07:48** A Precious Gift from Waste
- **08:01** News
- **08:28** A Day in Pyin Oo Lwin
- **08:45** Pride of Myanmar - Bagan arts and handicrafts
- **09:01** Listening Pleasure, Instrumental Music (Banjo) Ohnt Pone Chit
- **09:09** Ecotourism: Along River Chindwin To Khamti
- **09:27** The Art of Making Glaze Ware
- **09:45** Let's Taste Delicious Insects: Pounded Cicada Curry, Grasshopper Curry
- **10:27** Global Partnership for Brighter Future

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ချိုအေးမွှေးတဲ့ အုန်းမွှေးလုံး
- **ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ရာသီပန်းများနှင့် ဖလမ်းမြို့
- **ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** ချင်းသီချင်းကြီး (အပိုင်း-၂)
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** ငါးရံ့သရက်သီးချက်
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ဆရာတော်အရှင်ဦးဥတ္တမ
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ထင်းရှူးတန်းက ရှိုက်ခံပန်း (အပိုင်း-၂) (ဇာတ်လမ်း)
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ဝရိုးရာ ခေါ်ပုတ်ထောင်းနည်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ခြင်းတောင်းရက်လုပ်ခြင်း လက်မှုပညာ
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** စိတ်ဝင်တစား ရိုးရာဓလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့ နာမည်မှည့်ခေါ်ခြင်း)
- **ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၆)
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ဝင်ငွေကောင်းတဲ့ ဖာလာလုပ်ငန်း

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၇:၄၅** အသိပညာနှင့်အမှန်တရား
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၃:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သူတစ်ပါးအယောင်ဆောင်ခြင်း'**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** စိုက်ပျိုးမွေးမြူသုတဘဏ်
- **၀၇:၀၀** ကျေးလက်ကွန်ရက်
- **၀၇:၁၅** ပြုံးပန်းဝေဖြာတို့တောရွာ
- **၀၈:၂၀** မြန်မာ့ဆီအိုးထဲမှုနမ်း
- **၀၈:၅၀** တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့် ဘဝရှင်သန်ခြင်း
- **၀၈:၅၀** တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှသည် နှစ်ရှည်ဝင်ငွေတိုးပွားမည်

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၃) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အောင်တံခွန်ရပ်ကွက်နေ စိုးနိုင်ဦးသည် ၎င်းအသုံးပြုသည့် “Soe Naing Oo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ မြင့်လွင်သည် ၎င်းအသုံးပြုသည့် “Myint Lwin” Facebook အကောင့်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၃) ရပ်ကွက်နေ ဆွေမျိုးသူသည် ၎င်းအသုံးပြုသည့် “Swe Myo Thu” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြို့တွင်းကြီးရပ်ကွက်နေ ဝင်းဝင်းရွှေသည် ၎င်းအသုံးပြုသည့် “Win Shwe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်သမားများက ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာ ပေါ်ဦးရပ်ကွက်အနီးရှိ ဓာတ်အားပေးတာဝါတိုင် တစ်ခုကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး၊ လောပိတ - တီကျစ် မဟာဓာတ်အားလိုင်း ဓာတ်အားပို့လွှတ်မှုပြတ်တောက်

**နေပြည်တော် စက်တင်ဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာ ပေါ်ဦးရပ်ကွက်အနီးရှိ ဓာတ်အားပေးတာဝါတိုင် တစ်ခုကို စက်တင်ဘာ ၆ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုကြောင့် တာဝါတိုင် အမှတ်(၁၃၀) လဲကျပျက်စီးခဲ့ပြီး မဟာဓာတ်အားလိုင်းမှူးရုံး (လွိုင်ကော်)မှ တာဝန်ယူ ထိန်းသိမ်းရသော ၁၃၂ ကေဗွီ လောပိတ – တီကျစ် မဟာဓာတ်အားလိုင်း ဓာတ်အားပို့လွှတ်မှု ပြတ်တောက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးလျက်ရှိသော တာဝါတိုင်များ ပြန်လည်ပြုပြင်နိုင်ရေး သက်ဆိုင်ရာဌာနမှ စီစဉ်ဆောင်ရွက်လျက် ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ၁၃၂ ကေဗွီ လောပိတ-တီကျစ် မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ်(၁၃၀) မှတ်တမ်းဓာတ်ပုံ။

## တရားမဝင် ကျွန်းသစ်၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ကျောက်စိမ်းအကြမ်းထည်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ် နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်း မရှိသော အထည်အလိပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်နှစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀) နှင့် နောက်တွဲယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၁၁၄၈၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ တကောင်းရပ်ကွက် တရားမဝင်ကုန်သွယ်မှု ပူးပေါင်းစစ်ဆေးရေးဂိတ်၌ Hijet အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်နှင့် ကျောက်စိမ်း အကြမ်းထည်များ (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၂၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAHAR NEW BUS အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၈၂၂၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ်အတွင်း Hijet အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စက်တင်ဘာ ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်အတွင်း တရားမဝင် ကျွန်းသစ် တန် ၂ ဒသမ ၁၃၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၀၂၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၇၃၂၈၂၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး နှာခေါင်းစည်းများ အခမဲ့ပေးဝေ

**နေပြည်တော် စက်တင်ဘာ ၈**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အခြေခံအကျဆုံးမှာ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုခြင်းဖြစ်ရာ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မြို့၊ ကန်ကြီးထောင့်မြို့၊ ငပုတောမြို့၊ ရေကြည်မြို့နှင့် ဟသ်ာတမြို့များရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများနှင့် လူစည်ကားရာနေရာများတွင် သက်ဆိုင်ရာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ နှာခေါင်းစည်းများကို ဒေသခံပြည်သူများလက်ဝယ်အရောက် ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

● *ကျော့ဖုံးမှ*

MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲများ ကျင်းပလျက်ရှိသလို မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကိုလည်း မကြာမီစတင်ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်၏ တရားဝင်သတင်းထုတ်ပြန်ချက်အရ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အသင်း ခုနစ်သင်း သို့မဟုတ် ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ်များကို သုဝဏ္ဏလေ့ကျင့်ရေး ကွင်း-၁ နှင့် M-3 မြက်ခင်းတုလေ့ကျင့်ရေးကွင်းတို့၌ ပြုလုပ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများကို ပွဲစဉ်ထုတ်ပြန်သည့်အချိန်မှသာ တစ်ပေါင်းတည်း ထုတ်ပြန်သွားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**




# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား ထောက်ပံ့

**ထားဝယ် စက်တင်ဘာ ၈**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လူမှုဝန်ထမ်းဦးစီးဌာန၏ ထားဝယ်မြို့ ဘိုးဘွားရိပ်သာကို ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနား စက်တင်ဘာ ၇ ရက်က ထားဝယ်မြို့ ဗျောတော၀ ရပ်ကွက် ညောင်ရမ်းတောင်ရပ်ရှိ ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်ပေးအပ်ချီးမြှင့်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက အဘိုးအဘွားများအား ကန်တော့ချီးဖြင့် ကန်တော့ကြသည်။

ဆက်လက်၍ ထားဝယ်မြို့ ဘိုးဘွားရိပ်သာ သို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လူမှုဝန်ထမ်း ဦးစီးဌာန၏ ထောက်ပံ့ကြေးငွေကျပ် ၅၉၄၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘိုးဘွားရိပ်သာ တာဝန်ခံထံသို့ ပေးအပ်သည်။

ယင်းနောက် ဘိုးဘွားရိပ်သာမှ အဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ကြီးဘိုးဘွားများအား ဂါရဝပြုလိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




# ကြံခင်းမြို့နယ် ထန်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ရာနှုန်းပြည့်ပြီးစီး

**ကြံခင်း စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုဗစ်ရောဂါကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝထိခိုက်မှုကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ယခု ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် Cash For Work စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် ရွှေပန်းတောကျေးရွာအုပ်စု ထန်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ထန်းကုန်း ကျေးရွာ၌ Cash For Work စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာတွင်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင် Cash For Work စီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း အရှည်ပေ ၁၀၀၀၊ အကျယ်ပေ ၂၀၊ အမြင့် ကိုးလက်မထုခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူ ၆၈၇ ဦးအတွက် လုပ်အားခငွေကျပ်သိန်း ၅၀ နှင့် ပစ္စည်းကိရိယာဝယ်ယူခြင်းအတွက် ငွေကျပ်သိန်း ၅၀ တို့ဖြင့် ဩဂုတ်လ ဒုတိယပတ်မှစတင်၍ ဩဂုတ်လ စတုတ္ထပတ်အထိ ၁၇ ရက်ကြာ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။ **စိုးမိုးကျော်**



## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ ကွင်းအမှတ် ၁(က)ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၁/၂+၂၈၁)၊ မြေဧရိယာ (၀ဒသမ၀၈၆)ဧကရှိ မြေကွက်အား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၈-၈-၂၀၁၃)ရက်စွဲပါစာအမှတ် ၅၀၁၅/၇၁၄/၇-၁၄အဖရ (တနင်္သာရီ)ဖြင့် အိမ်ရာမြေဖော်ထုတ်ခြင်းလုပ်ငန်းအား အတည်ပြုလုပ်ပိုင်ခွင့်ပြုကြောင်း အကြောင်းကြားခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးလှသန်း ၆/မအရ(နိုင်) ၀၅၇၃၀၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ကော်လီတွော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

# ပန်းတနော်၌ ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုဖြစ်ပွား

**ပန်းတနော် စက်တင်ဘာ ၈**

ပန်းတနော်မြို့နယ်၌ ဧရာဝတီမြစ်ရေ ပြန်ကျပြီး မြစ်ကမ်းပါး ပြိုကျမှုကြောင့် မြစ်ကမ်းနှင့်နီးသော တောကျောင်းကျေးရွာအုပ်စုအတွင်းရှိ နေအိမ် ၁၂ လုံးကို စက်တင်ဘာ ၆ ရက်က ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

မြစ်ကမ်းပါးပြိုကျမှုကြောင့် ကမ်းပါးအနီးရှိ နံ့ဂါတ်ရိုးကျေးရွာမှ အိမ်လေးလုံး၊ ကျောင်းတော်ကလေးကျေးရွာမှ အိမ်ခြောက်လုံး၊ နံ့ဂါတ်ကျေးရွာမှ အိမ်နှစ်လုံးတို့ကို ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

# ပေါင်းတည်မြို့နယ်၌ ၂၀၂၂ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

**ပေါင်းတည် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပေါင်းတည် အ.ထ.က ကျောင်း ပညာရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအာဂျူးက အမှာစကားပြောကြားရာတွင် နိုင်ငံသားအားလုံး စာတတ်ရန်လိုကြောင်း၊ စာတတ်မှ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံသားတိုင်း အခြေခံပညာ အဆင့်အလိုက် သတ်မှတ်ကာလအတွင်း ပြီးမြောက်စေရေးအတွက် ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းနေရေး သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ပညာရေးဝန်ထမ်းများနှင့် မိဘပြည်သူများအားလုံးက ဝိုင်းဝန်းကူညီပေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့်စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းဆင့် ဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့် က လည်းကောင်း၊ အလယ်တန်းဆင့် ဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူး ဝင်းကိုကိုနိုင်က လည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အေးအေးဆင့်(ပြန်/ဆက်)**



# နှစ်ကျပ်ခွဲကျေးရွာ၌ ကျပ်ငွေ ၁၃ သန်းတန် ကွန်ကရစ်လမ်းခင်း

**ကျောက်ပန်းတောင်း စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် အကောင်အထည်ဖော်ခဲ့သည့် နှစ်ကျပ်ခွဲကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က နှစ်ကျပ်ခွဲကျေးရွာအုပ်စု နှစ်ကျပ်ခွဲကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူလူထုမှ ပူးပေါင်းထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်း ငွေကျပ် ၁၃ သန်းဖြင့် ဩဂုတ် ၁၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ လမ်းအရှည် ၅၂၅ ပေ၊ လမ်းအကျယ် ၁၂ ပေ၊ ထု ၆ လက်မ ရှိကြောင်းနှင့် ယခုအခါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။ **ကိုပြည့်(ကျေးလက်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၈

ဒေါ်လှလှဝင်း နှင့် ဒေါ်မေသူဝင်း
တရားလို တရားပြိုင်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ကုန်းမြင့်သာယာလမ်း၊ နယ်မြေ(၁၁)၊ မ/၁၉(က)နေ ဒေါ်မေသူဝင်း(ယခုနေရပ် လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၁၉၉၀၈၀၀၀၀/-(ကျပ်သိန်းတစ်ထောင့်ကိုးရာကိုးဆယ်ရှစ်သောင်း)တိတိရလိုမှု နှင့် လျှောက်ထားစွဲ ဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆို နိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် စက်တင်ဘာလ ၂၃ရက် (၁၃၈၄ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် စက်တင်ဘာလ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ရှမ်းစုကျေးရွာနေ ဦးရန်နိုင်စိုး (ဘ) ဦးလှရွှေ ၉/လဝန(နိုင်)၁၄၃၅၃၁ မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ လယ်ဝေးမြို့နယ်၊ ရှမ်းစုအုပ်စု၊ ကွင်းအမည်-ရှမ်းစု အနောက်ကွင်း၊ကွင်း/အကွက်အမှတ် ၁၈၄၇၊ ဦးပိုင်အမှတ် ၁၄၈၊ ယာမြေ ၂ဒသမ ၅၀ ဧကအား ဦးရန်နိုင်စိုး မှ ၁၆-၇-၂၀၁၃ရက်တွင် ခွင့် ပြုစာအမှတ် ၀၇၁/လယ-၈(၂၀၁၃) ဖြင့် ရရှိခဲ့ပြီး ထိုယာမြေ ၂ဒသမ ၅၀ ဧကအား ဦးရန်နိုင်စိုး တစ်ဦးတည်းမှ အမည်ပေါက်ပိုင်ဆိုင်ကာ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်ခွင့်မရှိကြောင်း၊ အမွေခွဲဝေခွင့်မရှိကြောင်း ၊ နေထိုင်လုပ်ကိုင်ခွင့် မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရန်နိုင်စိုး(ဘ)ဦးလှရွှေ ၉/လဝန(နိုင်)၁၄၃၅၃၁**
**ဖုန်း-၀၉-၄၂၀၇၅၆၀၂၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးနိုင်ဌေး ၅/ယမပ(နိုင်) ၁၃၇၅၁၈၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၇၂၅၀၂၄

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ပူတာအိုခရိုင်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ မြို့မရပ်ကွက်နေ ဒေါ်ညီဆာဆဲ(ခ)အားညီဆဲ ၁/ဆပဘ(နိုင်) ၀၀၂၁၇၄နှင့်ဒေါ်ချာ ယော်ဆဲ(ခ) အားချာဆဲ ၁/ဆပဘ(နိုင်) ၀၀၂၁၇၅ တို့၏ဖခင် ဦးမြီးကော်အားဆီ(ခ) ဒါနီဆာ(ခ)အားဆီတူး ၁/ဆပဘ(နိုင်) ၀၀၁၃၆၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စိုးစံကိုယ်ပိုင် အထက်တန်းကျောင်း Grade-4မှ မောင်ဘုန်းမင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်တေဇဦး ၁၂/ဒဂမ(နိုင်) ၀၁၄၉၈၆ ဖြစ်ပါကြောင်း။ **ဦးကျော်တေဇဦး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်မျိုးထက် ၅/ဆလက(နိုင်) ၁၁၆၂၃၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၂၀၇၁၃၇

## အမည်ပြောင်း

စစ်တွေမြို့၊ ဆတ်ရိုးကျမြို့သစ် အကွက်(၂)နေ ဦးမောင်သန်းဦး ၁၁/စတန(နိုင်) ၀၃၀၇၅၄၏သမီး မအေးအေးခိုင် ၁၁/စတန(နိုင်) ၁၃၄၃၈၃အား မခင်အိန္ဒြာဖြိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မခင်အိန္ဒြာဖြိုး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2W/24104, Honda Dream C 100 mp M/C ယာဉ်အမည်ပေါက်သူ နန်းဖေါင်း ၁၃/ကတန(နိုင်)၀၂၀၈၉၆ က(ကမ-၃)ပျောက် ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့် ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မျှော်တော်ဦးအုပ်စု၊ မျှော်တော်ဦး အလက Grade-4မှ မောင်ဟိန်းမင်းထက်၏ ဖခင် ဦးစိုးရွှေ၏ အမည်မှန်မှာ ဦးစောရွှေ ၁၁/မအန(နိုင်) ၀၃၈၆၇၀ ဖြစ်ပါကြောင်း။

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ အမှတ်(၉/၁၃၈)နေ ဦးမောင်ပိုက်၏သား ဦးထွန်းနေဦး ၁၃/တခလ(နိုင်) ၀၄၃၃၆၉မှ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ကျွန်တော်မှ စက်မှုလယ်ယာရုံးဝင်း၊ မယ်ခေါင်ရပ်ကွက်နေ မရင်ရင်အောင်(ဘ) ဦးတင်အောင်ထံသို့ တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စုမြို့ကွက်သစ်အပိုင်း(၈)၊ဦးပိုင်အမှတ်(၈၊ ၇၈)ဧရိယာ(၀ဒသမ၀၅၅)ရှိ မြေကွက်နှင့်ပတ်သက်၍ တာချီလိတ်မြို့၊ မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်(၁၄-၂-၂၀၁၂)ရက်က အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၆၄/၂၀၁၂)ဖြင့် အထူးကိုယ်စားလှယ်လွှဲအပ်ထားခြင်းအား ယခုကြော်ငြာပါသည့်ရက်မှစ၍ပြန်လည်ရုပ်သိမ်းပြီးပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းနေဦး ၁၃/တခလ(နိုင်) ၀၄၃၃၆၉**

## ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းကြော်ငြာစာ

ကြို့ပင်ကောက်မြို့၊ ဈေးချိုမြောက်ရပ်ကွက်၊ ကွင်းအမှတ်(၅N)ဈေးချိုရပ်၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ(၀ဒသမ၀၉၃)ဧကရှိ မြေကွက်သည် မူလတွင် ဒေါ်တင်တင်ဝင်း အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားရာမှ အဆိုပါမြေကွက်ကို ဒေါ်တင်တင်ဝင်း အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက(၂၁-၇-၂၀၂၂)ရက်၌ဖြစ်စေ၊ ၎င်းရက်မတိုင်မီဖြစ်စေ ခိုင်လုံသော အကြောင်းပြချက်ရှိသည့်ကန့်ကွက်လွှာကို တင်သွင်းနိုင်ပါကြောင်းနှင့်ကန့်ကွက်ရန် မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြို့ပင်ကောက်မြို့**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## တစ်ချက်တည်းကျင်းဝင်

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့ မွန်းလွဲ (၁၃:၀၀) နာရီတွင် ဘားမားဂေါက်ကွင်း၌ ဦးသောင်းမြင့်(MD.Jupiter & Venus Internation Co.,Ltd) သည် ၎င်း၏ကစားဖော်များဖြစ်ကြသော ဦးမြင့်မောင်ထွန်း(ပြည်သူ့ရှေ့ဆောင်ပါတီဥက္ကဋ္ဌ)၊ ဦးစိုးနိုင်၊ ဦးစောမြဒင် တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)ကို (၁၅၀) ကိုက်အကွာအဝေးမှ Titalic Pro V1 ဂေါက်သီးအား Ping (G-7) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ပုသိမ်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၃

ဒေါ်ခင်မာသက် နှင့် ၁။ ဦးနိုင်ထွန်းဇော် ၂။ ဦးကြည်ဝင်း ၃။ ဦးအေးကျော် ၄။ ဦးစိုးမြင့်
(တရားလို) (တရားပြိုင်များ)

ပုသိမ်မြို့နယ်၊ တိုက်ကြီးကုန်းကျေးရွာအုပ်စု၊ သံပတ်ကုန်းကျေးရွာနေ တရားပြိုင် ဦးစိုးမြင့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မာသက်က ပူးပေါင်းလိမ်လည်ရယူသွားသော ငွေကျပ်သိန်းရှစ်ဆယ်နှင့် နစ်နာကြေး ငွေသိန်းငါးဆယ် စုစုပေါင်းငွေကျပ် သိန်းတစ်ရာ့သုံးဆယ်ရလိုမှု လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် အောက်တိုဘာ ၃ရက် (၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း ၉ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှိုင်လှိုင်ဝေ)**
**ခရိုင်တရားသူကြီး**
**ပုသိမ်ခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသိန်းထိုက်လွင်၏သမီး ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာနေ မထက်ထက်(ခ)မထက်ရတီလွင် ၇/ရတရ(နိုင်)၁၅၉၅၇၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ မေတ္တာမြို့ (အထက)မေတ္တာGrade-11 မှ စောစိုးလ်မိုနှင့် စစိုးလ်မွန် ၆/မတန(နိုင်)၀၀၆၃၄၉ ၏ အမည်မှန်မှာ စစိုးလ်မွန် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၃၃၃၆၇)၊ မြေဧရိယာ(၀ဒသမ၁၄၆)ဧကရှိ ဒေါ်နီလာဟန်(ဘ) ဦးညွန့်ဟန် ၁၂/မရတ(နိုင်) ၁၁၂၃၂၈ အမည်ပေါက်မြေကွက်၏ မြေကွက်နေရာ(ယာယီ) ချထားပေးသည့်လက်မှတ်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း မှတ်ပုံတင်ကျမ်းကျိန်လွှာ(မူရင်း)၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များ တင်ပြ၍ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၃၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ အဆိုပါမြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်(မူရင်း)ကိုပယ်ဖျက်ပြီး မိတ္တူမှန် လျှောက်ထားလာခြင်းအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ အနော်ရထာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၀၊ နရသိင်္ခ)၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကအား လူနေထိုင်အသုံးပြုရန်အတွက် လက်ထောက်ကော်လိတ္တော်အရာရှိရုံး၊ ပုဂံညောင်ဦးမြို့၏ အမှုတွဲအမှတ် ၈၇၅/V/၁၉၉၁-၁၉၉၂ဖြင့် ဒေါ်ခင်စောအမည်သို့(၇-၂-၁၉၉၂) ရက်စွဲမှ(၆-၂-၂၀၂၂)ရက်အထိနှစ်ရှည်နှစ်(၃၀)မြေငှားဂရန်ခွင့်ပြုချထားပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်စောသည် (၉-၁၁-၂၀၀၉)ခုနှစ်တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးကြီးရွှေသည် ၃-၅-၁၉၈၃ရက်တွင်လည်းကောင်းကွယ်လွန်ခဲ့ပါသည်။ ဦးကြီးရွှေနှင့်ဒေါ်ခင်စောတို့တွင် သား/သမီး(၃)ဦးရှိရာ (၂)ဦးမှာ အပျိုကြီး/လူ ပျိုကြီးဖြင့် ကွယ်လွန်ခဲ့ပြီး ကျန်(၁)ဦးဖြစ်သည့် ဒေါ်စိန်ဝင်း ၉/ညဥန(နိုင်)၀၁၆၃၆၄(၁)ဦးသာ သက်ရှိထင်ရှားကျန်ရှိပါသဖြင့် မိခင်ဖြစ် သူ ဒေါ်ခင်စောအမည်ဖြင့် ထုတ်ပေးထားရှိသည့် မြေငှားဂရန်စာချုပ်သည် သက်တမ်းကုန်ဆုံးပြီးဖြစ်ပါသဖြင့် သက်တမ်းတိုးမြှင့်နိုင်ရေးအတွက် ညောင်ဦးမြို့နယ်တရားရုံး၏ (၂၁-၇-၂၀၂၂)ရက်စွဲပါ မှတ်ပုံတင်အမှတ်(၁၄၇/၂၀၂၂) ဖြင့် ညောင်ဦးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင် ရုံးတွင် တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ထားရှိပြီး ညောင်ဦးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏စာချုပ်အမှတ်(၅၇/၂၀၂၂) အရ အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြွက်ဟ ကြေညာစာချုပ်တို့ဖြင့် မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး)အားလာရောက်လျှောက်ထားပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေနည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့**

## ကန့်ကွက်နိုင်ပါသည်

